မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၂၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဝန်ကြီးတာဝန်မှ အနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၂/၂၀၀၆)

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ကြီးများအား ယနေ့မှစ၍ တာဝန်မှအနားယူခွင့်ပြုလိုက်သည်-

(၁) ဗိုလ်ချုပ်ကြည်အောင်	ယဉ်ကျေးမှုဝန်ကြီးဌာန
(၂) ဗိုလ်ချုပ်စိန်ထွား	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဒုတိယဝန်ကြီးတာဝန်မှ အနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၃/၂၀၀၆)

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်အား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ်မှ အနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၄/၂၀၀၆)

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးညွန့်ဆွေအား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၅/၂၀၀၆)

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ စီးပွားရေး၊ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁) အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(၂) အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၆/၂၀၀၆)

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ကြီးများအား ၎င်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

(၁) ဗိုလ်ချုပ်တင်ထွတ်	သမဝါယမဝန်ကြီးဌာန
(၂) ဗိုလ်မှူးကြီးဇော်မင်း	အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၇/၂၀၀၆)

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်ချုပ်စိုးနိုင်	ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန
(၂) ဗိုလ်ချုပ်ခင်မောင်မြင့်	အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(၃) ဗိုလ်ချုပ်မောင်မောင်ဆွေ	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
(၄) ဗိုလ်ချုပ်ခင်အောင်မြင့်	ယဉ်ကျေးမှုဝန်ကြီးဌာန

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

- ဥပဒေနှင့် ညီညွတ်ကြောင်း စိစစ်အတည်ပြုပြီးသော ပိုးသတ်ဆေးကိုပင် ဆေးညွှန်းတွင် ဖော်ပြထားသည့်အတိုင်း ရောစပ်အသုံးပြုခြင်း၊ ဆေးဖျန်းပြီး သတ်မှတ်ရက်ကာလအတိုင်း ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြင့် ထုတ်လုပ်သူနှင့် စားသုံးသူ နှစ်ဦးနှစ်ဝ အကျိုးပြည့်ဝနိုင်။

ကိုရဲ(စိုက်ပျိုးရေး)၏ အန္တရာယ်လည်းကင်းပတ်ဝန်းကျင်လည်းသန့်ရှင်းမည် ဆောင်းပါး (စာ-၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မေလ ၁၆ ရက်)

နိုင်ငံဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုပျက်စီးစေမည့် အဖျက်လုပ်ရပ် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲညီညီ တိုက်ဖျက်ချေမှုန်း

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကြေညာပြီး အမျိုးသားညီလာခံကို ကျင်းပလျက်ရှိသည်။

ယင်းသို့ နိုင်ငံတော်၌ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ဖော်ဆောင်နေချိန်တွင် ပြည်တွင်း၊ ပြည်ပအဖျက်သမားများက မြန်မာနိုင်ငံ၏ တည်ငြိမ်မှုပျက်ပြားစေရန်နှင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကျဆင်းစေရန် မဟုတ်မမှန်လုပ်ကြံ ဖန်တီးမှုများနှင့် အကြမ်းဖက် အဖျက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

KNU သောင်းကျန်းသူ အဖွဲ့အတွင်း အချင်းချင်း အာဏာလုမှုများ ဖြစ်ပွားနေကြပြီး KNU တပ်မဟာ(၂)မှူး အားစီ ဦးဆောင်သောအဖွဲ့သည် မြို့ကြီးပြကြီး၊ ကားလမ်း၊ ရထားလမ်းများတွင် ပြည်သူများ သေကျေပျက်စီးစေရန်၊ နိုင်ငံရေးမတည်မငြိမ်ဖြစ်စေရန်၊ အစိုးရနှင့် KNU ငြိမ်းချမ်းရေး ဆွေးနွေးမှု ပျက်ပြားစေရန် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိသည်။

KNU သောင်းကျန်းသူများသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုကို အမျိုးမျိုး အကြိမ်ကြိမ် တိုးမြှင့်ထိပါးနှောင့်ယှက်လာသဖြင့် နိုင်ငံတော်အစိုးရက ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုရရှိစေရန် နယ်မြေရှင်းလင်းမှုများ ပြုလုပ်ပေးခဲ့ရသည်။ "KNU"တို့၏ အချင်းချင်း အာဏာလုသတ်ဖြတ် အနိုင်ကျင့်မှုများကြောင့် တိုင်းရင်းသား ရွာသူရွာသားများ မနေရဲဘဲ ထွက်ပြေးကြရသည်။ KNU တို့က တပ်မတော်နှင့် အဆက်ပြတ်စေရန်လည်းကောင်း၊ လက်အောက်ငယ်သားများ အလင်းမဝင်ရဲစေရန်လည်းကောင်း ဒေသခံပြည်သူများနှင့် လက်အောက်ငယ်သားများ၏ မိသားစုများနှင့် ဆွေမျိုးများကို ဓားစာခံအဖြစ် နယ်စပ်သို့ အတင်းအဓမ္မ ရွှေ့ပြောင်းနေထိုင်စေခဲ့သည်။

ထိုဖြစ်ရပ်များကို လေ့လာကြည့်ပါက ပြည်ပဆရာကြီးများနှင့် KNU အကြမ်းဖက် သောင်းကျန်းသူများက မြေအောက်တိုက်ကွက်နှင့် ပြည်တွင်းပြည်ပ မြေပေါ်တိုက်ကွက်များကို ကြိုတင်စီမံ ဆက်စပ်ဆင်နွှဲလာခြင်းဖြစ်သည်ကို တွေ့မြင်သိရှိနေရသည်။ တပ်မတော်က တိုက်ခိုက်သဖြင့် ကျေးရွာများ ရွှေ့ပြောင်းရသယောင်၊ ရွာသူရွာသားများ ဒုက္ခသည်အဖြစ်ဖြင့် ထွက်ပြေး တိမ်းရှောင်နေရသယောင် ကမ္ဘာက အထင်အမြင်လွဲမှားစေရန် KNU သောင်းကျန်းသူများ ဖွဲ့စည်းထားသည့် ကရင် အမျိုးသမီး အစည်းအရုံး KWO နှင့် နယ်ချဲ့လက်ဝေခံ NGO များက VOA, BBC, RFA, DVB အသံလွှင့်ဌာနများနှင့် အတိုင်အဖောက်ညီညီ ဝိုင်းအော်ခဲ့ကြသည်။ ၎င်းတို့ လုပ်ကြံဖန်တီးထားသည့် ဒုက္ခသည် ပြဿနာကို မီးမောင်းထိုး ဗန်းပြပြီး ဒေသလုံခြုံရေးကို ထိခိုက်ပျက်ပြားစေသည်ဟု ထပ်ဆင့်စွပ်စွဲခဲ့ကြသည်။

ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် နိုင်ငံတကာက သို့လော၊ သို့လော တွေးတောထင်မြင်လာသည့် အခါ မြန်မာနိုင်ငံ၏အရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီအထိ တင်ပြနိုင်ရန် အစီအမံရှိရှိ၊ ရည်ရွယ်ချက်ရှိရှိ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းလုပ်ဆောင်နေကြသည်ကို တွေ့ရသည်။

တစ်ဆက်တည်းမှာပင် အမေရိကန်နိုင်ငံကလည်း ၎င်း၏လူဝင်မှုဥပဒေကို ခြွင်းချက်ပေး ပြုပြင်ပြီး မြန်မာနယ်စပ်၌ ဒုက္ခသည် အမည်ခံရောက်ရှိနေသူများကို လက်ခံရန် ပြင်ဆင်ဆောင်ရွက်လာသည်ကို တွေ့ရသည်။ ယင်းဒုက္ခသည် အမည်ခံပြီး ရောက်ရှိနေသူများသည် KNU အကြမ်းဖက် သောင်းကျန်းသူများနှင့် ၎င်းတို့၏ မိသားစုများသာဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် လုပ်ဆောင်နေသည့် ပြည်ပဆရာကြီးများသည် KNU နှင့် အပေါင်းပါ အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်လုပ်ရပ်များကြောင့် ပြည်သူအများအပြား သေကျေဒဏ်ရာရမှုများ၊ အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေရန် မိုင်းထောင်ဖျက်ဆီးမှုများကို မသိကျိုးကျွန်ပြုပြီး ရေငုံနှုတ်ပိတ် လုပ်နေကြသည်။

မည်သို့ပင်ဆိုစေကာမူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းသာယာမှုများကို ပျက်စီးစေရန် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ လုပ်ကြံဖန်တီးမှု အဖျက်လုပ်ရပ်များအား နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့က လက်တွဲညီညီ ပူးပေါင်းတိုက်ဖျက် ချေမှုန်းသွားကြမည်သာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၆-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၃၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၄:၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၀ ၅။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၆။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၈။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၉။ ပညာခေတ်
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၁၅)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ကျန်းမာသုတ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၂၉)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် သူရ ၇လမ်း အမှတ် ၂၉၂နေ နှစ်ဖက်သောမိဘများနှင့် ဇနီးဒေါ်နန်းတင်မေတို့အား ရည်စူး၍ ဦးတင်အေးနှင့် သားမောင်သန်းနိုင်-မမိုးမိုး၊ မောင်မျိုးလွင်-မအေးအေးမြင့်၊ မောင်အောင်ဆွေမင်း-မစုစုခိုင်၊ မောင်မင်းဇော်ထွေးနှင့်မြေးများ မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္မုဒ္ဒေဘုရား စေတီရံ တစ်ဆူအတွက်အလှူတော်ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစု စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူတော်

ရန်ကုန် မေ ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့ကို အမှူးထား၍အကောက်ခွန်ဦးစီးဌာန၏(၁၉)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူတော် မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းရှိ အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ကျင်းပရာ အဆိုပါကျောင်းတိုက်ပဓာန နာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းနှင့်ဇနီး ဒေါ်အိအိလွင်၊ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညို သိမ်ဆင်းလောင်းလှူကြသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ (၁၉)ကြိမ်မြောက် စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်လင်းနှင့်ဇနီး ဒေါ်အိအိလွင်တို့ ဆရာတော်ထံလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက မေတ္တသုတ် ပရိတ်တော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းနှင့်ဇနီး အကောက်ခွန်ဝန်ထမ်းမိသားစုများက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ပဓာနနာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရထံမှ တရားနာကြားကြသည်။ ထို့နောက်လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သာသနာ့ဘောင်သွတ်သွင်း

အဆိုပါ အလှူတော်မင်္ဂလာပွဲတွင် ရဟန်းလောင်း ၅၆ ပါး၊ ရှင်သာမဏေ ၁၄ ပါးနှင့် သီလရှင် ၃၄ ပါးတို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလွင် ပဲခူးတိုင်း နွေစပါးနှင့် မိုးစပါး တိုးမြှင့်စိုက်ပျိုးနိုင်မှုကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှေ့နေချုပ် ဦးအေးမောင်အား တရုတ်မှ ပြည်နယ်ဒုတိယရှေ့နေချုပ်တွေ့ဆုံ

ရန်ကုန် မေ ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ဥပဒေရေးရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ကာ လေ့လာရန်နှင့် နှစ်နိုင်ငံ ချစ်ကြည်ရေးတိုးမြှင့်ရန် အလည်အပတ် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ Henan ပြည်နယ် ဒုတိယရှေ့နေချုပ် H.E Mr. Hengyang ခေါင်းဆောင်သော အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ ရှေ့နေချုပ် ဦးအေးမောင်အား လာရောက်တွေ့ဆုံဂါရဝပြုသည်။ **(အောက်ပုံ)** ယင်းသို့ လာရောက်တွေ့ဆုံရာတွင်ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာ ထွန်းရှင်နှင့်ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်နှင့် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အဆိုပါ အဖွဲ့သည် ယနေ့နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ နံနက်၁၀ နာရီခွဲ တွင် ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ရှေ့နေချုပ်က ၂၀၀၁ခုနှစ် ရှေ့နေချုပ် ဥပဒေနှင့် ဥပဒေရုံးများ၏ လုပ်ငန်း တာဝန်များကို ရှင်းလင်းပြောကြားပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Henan ပြည်နယ် ဒုတိယရှေ့နေချုပ် H.E Mr. Hengyang က Henan ပြည်နယ် ရှေ့နေချုပ်ရုံး ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ပြန်လည်ရှင်းလင်း ပြောကြားကာ နှစ်နိုင်ငံ ဥပဒေရေးရာလုပ်ငန်းဆောင်ရွက်မှုများကို ရင်းနှီးစွာဆွေးနွေးကြသည်။

ညနေပိုင်းတွင် ဧည့်သည်တော်နှင့် အဖွဲ့သည် တိုင်းရင်းသားကျေးရွာသို့ သွားရောက် လေ့လာကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံHenan ပြည်နယ် ဒုတိယ ရှေ့နေချုပ်နှင့် အဖွဲ့အား ရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ကရဝိက်နန်းတော်၌ ညစာစားပွဲဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✡ ကျောဖုံးမှ

ပြည်တွင်းမဂ္ဂဇင်း ဂျာနယ်များမှ စာတည်း အဖွဲ့ဝင်များနှင့်အတူ ပဲခူးတိုင်း ကျောက်တံတခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၊ အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းနှင့် ရေတာရှည်မြို့နယ် ဆွာမြို့ လယ်ယာမြေနွေစပါး စိုက်ခင်းများသို့လှည့်လည် သွားရောက်ကြည့်ရှု ကြသည်။

ရဲနွယ်ရေလှောင်တမံ

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယကနှင့် သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းထောက်များနှင့် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များသည် နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်း သူဌေးကုန်းကျေးရွာသို့ ရောက်ရှိကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်နှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ပဲခူးတိုင်းကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ အနောက်ဘက်ရှိ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ သွားရောက်လေ့လာကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သောအဖွဲ့ဝင်များအား ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ဆည်တည်ဆောက်ရေး(၁)မှ ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရဲနွယ်ရေလောင်တမံ ဘက်စုံစီမံကိန်း၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်က ရေလှောင်တမံ ၁၈၅ ခုနှင့် မြစ်ရေတင်စီမံကိန်း ၂၉၃ ခုတို့ကို အသစ်တိုးချဲ့ တည်ဆောက်ပေးနိုင်သဖြင့် စိုက်ပျိုးရေရရှိမှု တိုးတက်လာသည့်အပြင် ရေလှောင်တမံ ဘက်စုံစီမံကိန်းများကြောင့် လျှပ်စစ်ဓာတ်အားကိုပါ တိုးတက်ထုတ်လုပ်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ ရေအားလျှပ်စစ် ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းတွင် Francis Vertical Shaft တာဘိုင် ၁၂ဒသမ ၅ မဂ္ဂါဝပ် နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၃ သန်း ထုတ်လုပ်ပေးနိုင်မည့် အခြေအနေ၊ တစ်နိုင်ငံလုံး၌ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း ၁၅ ခုအနက် ၁၂ ခုမှာ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးမည်ဖြစ်ပြီး ထိုအခါ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀၀၀ ကျော် ထုတ်လုပ်နိုင်မည့် အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၁၉၈၈ခုနှစ်ကာလက မြန်မာနိုင်ငံ၏ စပါးထွက်နှုန်းမှာ တင်း သန်းပေါင်း ၆၅၄ တင်းသာ ထွက်ရှိခဲ့ကြောင်း၊ နိုင်ငံတော်အတွင်း ထိုစဉ်ကရှိသည့် လူဦးရေအရ ဝမ်းစာစပါး စားသုံးမှုမှာ တင်းသန်းပေါင်း ၆၀၀ ရှိခဲ့ကြောင်း။

အခက်အခဲကြုံတွေ့ခဲ့

ထို့ကြောင့် ရာသီဥတု၊ မိုးလေဝသ ပုံမှန်မဖြစ်သည့် အချို့နှစ်များတွင် စိုက်ပျိုးထုတ်လုပ်နိုင်မှု လျော့ကျခဲ့၍ စားသုံးမှုတွင် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရကြောင်း။

တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူခဲ့သည့် ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးအတွက် မိုးစပါးကိုသာမက နွေစပါးကိုပါ တိုးချဲ့ စိုက်ပျိုးစေခဲ့ကြောင်း၊ နှစ်စဉ်စပါးတင်းသန်း၁၂၀၀ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ မိုးစပါးရော နွေစပါးပါ စိုက်ပျိုးနိုင်သဖြင့် ထုတ်လုပ်မှု သိသိသာသာ တိုးတက်လာခဲ့ပြီး ဝမ်းစာစပါး ဖူလုံရုံသာမက ပိုလျှံလာခဲ့ပြီဖြစ်ကြောင်း။

ဖော်ထုတ်ပေး

ယင်းသို့ မိုးစပါးသာမက နွေစပါးပါ တိုးမြှင့်စိုက်ပျိုးရာတွင် နိုင်ငံတော်က စိုက်ပျိုးမြေဧက တိုးတက်ရရှိရေးအတွက် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်ပေးခဲ့ကြောင်း၊ စိုက်ပျိုးရေလိုအပ်သော ဒေသများတွင် စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ဆည်မြောင်း တာတမံများ၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက် ရေရရှိရေးလုပ်ငန်းများကို ဖော်ဆောင်ပေးခဲ့ကြောင်း၊ ၁၇ နှစ်ကျော်ကာလတွင် ဆည်တမံပေါင်း ၁၈၅ ခုနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့

၂၀၀၆ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၆ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို မေ ၂၂ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲ တွင် အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲနှင့် အသက်(၁၀)နှစ်၊ အသက်(၁၂)နှစ်နှင့် အသက်(၁၄)နှစ်နှင့်အောက်အမျိုးသား၊ အမျိုးသမီးလူငယ်တင်းနစ်ပြိုင်ပွဲများပါဝင်မည်။ အဆိုပါ တင်းနစ်ပြိုင်ပွဲ စည်းကမ်းများ သတ်မှတ်ထားရာ အသင်းလိုက်ပြိုင်ပွဲတွင် နှစ်ယောက်တွဲ သုံးပွဲ ကစားခွင့်ပြုမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံးခြောက်ဦးနှင့် အများဆုံးခုနစ်ဦးသတ်မှတ်ထားသည်။ ပြည်နယ်နှင့် တိုင်းအဆင့်မဟုတ်သူများ၊ အသက်(၄၅)နှစ်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် တစ်ဦးသာပါဝင်ခွင့်ရှိသည့်အပြင် အသက်(၅၀)အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိသည်။

ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် နယ်မှလာရောက်ယှဉ်ပြိုင်သော ကလပ်အသင်းများနှင့် လူငယ်သက်တန်းအလိုက် ပါဝင်ကစားလိုသူများကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တည်းခိုရန်စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် မေ ၂၁ ရက် နံနက် ၁၀ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၇၂၃၆၀ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းရမည်ဖြစ်ပြီး မေ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ပွဲစဉ်များရေးဆွဲမည့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ရုံးသို့ အသင်းတစ်သင်းမှ တာဝန်ရှိသူတစ်ဦးတက်ရောက်ကြရန် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျပ်၁၀၀တန် ထီဖွင့်ပွဲ ဇွန် ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် မေ ၁၅

ဇွန် ၁ ရက် (ကြာသပတေးနေ့)တွင်(၂၀၉)ကြိမ်မြောက် ကျပ်၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲ ခန်းမဆောင်၌ နံနက် ၈ နာရီမှ စတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ကျပ်သိန်း၅၀၀တစ်ဆု၊ကျပ်သိန်း ၃၀၀ နှစ်ဆု၊ ကျပ်သိန်း ၂၀၀ လေးဆု၊ ကျပ်သိန်း၁၀၀ ၃၁ ဆု၊ ကျပ် ၁၀ သိန်း ၄၆၄ ဆု၊ကျပ်ငါးသိန်းဆု၂၀၊ ကျပ်လေးသိန်း ၂၅ ဆု၊ ကျပ်နှစ်သိန်း ၁၈၅ ဆု၊ ကျပ်တစ်သိန်းဆု ၁၄၄၀၊ ကျပ်ရှစ်သောင်း ၆၃ ဆု၊ ကျပ်လေးသောင်းဆု ၁၀၀၊ ကျပ်နှစ်သောင်း ၁၄၉၃၄ ဆု စုစုပေါင်း ၁၇၂၆၉ ဆု ဖြစ်သည်။

ယခု (၂၀၉)ကြိမ်မြောက် ကျပ် ၁၀၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဇွန် ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ်ငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ရုံးများ၌ လျှောက်ထား တင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော်တွင် ဆောက်လုပ်ဆဲ ကမ္မဋ္ဌာန်းကျောင်းအတွက် ရန်ကင်းမြို့နယ် ၁၄ ရပ်ကွက် အမှတ် ၃/ခ အောင်ဇေယျလမ်းနေ သာသနာ့ မိခင် အဘွားငွမ်းမိသားစုက အလှူငွေ ၁၀၆၅၀၀ ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဘဏ္ဍာရေးမှူး ဦးလှသိန်းတို့ထံ အလှူငွေပေးအပ်စဉ်။ (က–ပ)

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအလှူ

ရန်ကုန် မေ ၁၅

ရန်ကင်းပြည်သာယာ ရွှေပြည်ဟိန်းကျောင်း (တာမွေလေးသံလမ်းအနီး)၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ် ဆေးခန်းအတွက် အလှူတော်ငွေများ လှူဒါန်းလျက်ရှိကြရာ လမ်းမတော် ၁၀ လမ်းထိပ် ကန်ကော်လေးထီဆိုင် ဒေါ်ညွှန့်ရွှေနှင့် သားသမီးတစ်စုက တိုးချဲ့ဆောင်အတွက် နှစ်သိန်းကျပ်၊ အနောက်ရန်ကင်းတိုက် ၃၅၆ (ဦးမြင့်ဦး)–ဒေါ်မြရွှေ သမီး ဒေါ်မြင့်မြင့်ရွှေနှင့် မိသားစုက ကျပ်တစ်သိန်း၊ ဗဟန်း ရွှေတောင်ကြား ငွေဝတ်မှုံလမ်း ဦးစိုးသိန်း–ဒေါ်မေသက်ဦးနှင့် သမီး နှင်းယုဝါစိုး မိသားစုက ကျပ်ငါးသောင်း၊ ကျောက်ကုန်း မဟာဗောဓိလမ်း၊ ဦးဆန်းမြင့်–ဒေါက်တာသက်မွန် မိသားစုက ကျပ်ငါးသောင်းကို လှူဒါန်းကြသည်။ ဆေးနှင့် တိုးချဲ့ဆောင်အတွက် ရွှေပြည်ဟိန်းကျောင်း ဖုန်း–၅၄၁၄၉၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

စစ်ရေးအရတိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုမျိုးဖြင့် အီရန်ကိုခြောက်လှန့်၍မရကြောင်း နီဂျက်ဒ်ပြောကြား

ဂျကာတာ မေ ၁၅

အင်ဒိုနီးရှားတွင် အလည်အပတ်ရောက်ရှိနေသော အီရန်သမ္မတ မာမွတ်အာမက်နီဂျက်ဒ်က အမေရိကန်၏ စစ်ရေးအရတိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုမျိုးဖြင့် မိမိနိုင်ငံကိုခြောက်လှန့်၍မရကြောင်း မေ ၁၂ရက်က ပြောကြားသည်။

အီရန်သမ္မတ မာမွတ်အာမက်နီဂျက်ဒ်

ကြောက်ရွံ့မည်မဟုတ်

အင်ဒိုနီးရှားနိုင်ငံ၏ မွတ်စလင်များဌာနချုပ်သို့ အလည်အပတ်ရောက်ရှိစဉ်အတွင်း ပရိသတ်တစ်ဦး၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားရာတွင် အမေရိကန်သည် အီရန်အား နျူကလီးယားလက်နက်များ ထုတ်လုပ်နေသည်ဟု စွပ်စွဲကာ စစ်ရေးအရတိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုကို ကြောက်ရွံ့မည်မဟုတ်ကြောင်း ဖြေကြားလိုက်သည်။

အမေရိကန်သည် ယင်းသို့ ဝါဒဖြန့်၍ မိမိတို့နိုင်ငံကို ခြောက်လှန့်နေကြောင်း၊ သို့သော် အီရန်အနေဖြင့် ကြောက်လန့်ခြင်းမရှိကြောင်း နီဂျက်ဒ်က ပြောကြားသည်။ အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များသည် စစ်ရေးအရတိုက်ခိုက်ရန် ကြိုးပမ်းလာလျှင် အီရန်ပြည်သူများသည် မိမိနိုင်ငံကို ကာကွယ်ရန်အတွက် အခွင့်အရေးများရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အီရန်သမ္မတသည် ဘာလီကျွန်းတွင် စနေနှင့်တနင်္ဂနွေ၌ကျင်းပသည့် ဖွံ့ဖြိုးဆဲရှစ်နိုင်ငံ၏ (ဒီ–၈)ထိပ်သီးအစည်းအဝေး တက်ရောက်ရန်အတွက် ဗုဒ္ဓဟူးနေ့က အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျာဗားကျွန်းမှ မီရာပီမီးတောင် ပေါက်ကွဲလုနီး

ဂျကာတာ မေ ၁၅

အင်ဒိုနီးရှား အာဏာပိုင်များသည် မေ ၁၂ရက်က ဂျာဗားကျွန်းအလယ်ပိုင်းရှိ မီရာပီမီးတောင်(အပေါ်ပုံ) **ပေါက်ကွဲမည့်အရိပ်အယောင်များရှိလာသဖြင့် မီးတောင်အနီးနေထိုင်ကြသူများအားလုံး ပြောင်းရွှေ့ပေးရန် ကြိုတင်စီစဉ်နေကြကြောင်း ဒေသခံမီဒီယာက ဖော်ပြသည်။**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မီးတောင်မှ ၁၀ကီလိုမီတာအကွာအတွင်း နေထိုင်ကြသူအားလုံးအား ပြောင်းရွှေ့ရန် အမိန့်ပေးထားကြောင်း အင်တာရာ သတင်းဌာနက ဖော်ပြသည်။

မီးတောင်အနီးနေထိုင်သူ အားလုံး ပြောင်းရွှေ့သင့်သည့် အနေအထားမှာ မကြာမီကပင် မြင့်တက်လာခဲ့ကြောင်း မီးတောင်ဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားသည်။

ပြောင်းရွှေ့ရမည့် လူဦးရေကို မိမိတို့ မသိရှိနိုင်သေးသော်လည်း သတိပေးလာသည့် အနေအထားအရ အားလုံးပြောင်းရွှေ့သင့်ကြောင်း ဒေသခံ အစိုးရပြောရေးဆိုခွင့်ရှိသူ အီးဒီဆူဆန်တို၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။

စူးစမ်းလေ့လာ

သိပ္ပံပညာရှင်များက မီးတောင်အနီး မြေလျှင်တုန်လှုပ်မှု အနေအထားကို စူးစမ်းလေ့လာလျက်ရှိပြီး မီးတောင်မှ မီးခိုးပူများ ထွက်နေသဖြင့် ပေါက်ကွဲလုဆဲဆဲဖြစ်သည်ဟု သုံးသပ်ကြကြောင်း သတင်းဌာနက ဖော်ပြသည်။

(အင်တာနက်)

အမေရိကန်စစ်အခြေစိုက်စခန်းတိုးချဲ့မည့်အစီအစဉ် တောင်ကိုရီးယားပြည်သူများ ကန့်ကွက်ဆန္ဒပြ

ဆိုးလ် မေ ၁၅

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့လယ်ရှိ အမေရိကန်သံရုံးအနီးတွင် ထောင်ချီသော ကျောင်းသားများ၊ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များနှင့် ဒေသခံများသည် နိုင်ငံအတွင်း၌ အမေရိကန်စစ်အခြေစိုက်စခန်းများ တိုးချဲ့မည့် အစီအစဉ်ကို ကန့်ကွက် ဆန္ဒပြရန်အတွက် မေ ၁၃ရက်က စုဝေးရောက်ရှိနေကြခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် အကြီးမားဆုံး အမေရိကန်စစ်အခြေစိုက်စခန်း တည်ဆောက်ရန် အစိုးရက စီစဉ်နေသော ပြုံတေးခ်ဒေသတွင် မေ ၄ရက်က ဆန္ဒပြပွဲ၌ ဖမ်းဆီးခံထားရသော ဆန္ဒပြသူများကို ပြန်လည်လွှတ်ပေးရန် ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။

ဆိုးလ်မြို့တောင်ပိုင်းရှိ ပြုံတေးခ် ဒေသတွင် အမေရိကန်စစ်စခန်း တိုးချဲ့ခြင်းအစီအစဉ်ကို ရပ်ဆိုင်းသွားစေရန်အတွက် ကန့်ကွက်ဆန္ဒပြရန် စုဝေးခဲ့ကြခြင်း ဖြစ်သည်။ ဆန္ဒပြသူများသည် ည ၁၀နာရီတွင် တက္ကသိုလ်ကျောင်းဝင်းအတွင်းသို့ ရွှေ့ပြောင်းသွားခဲ့ပြီး တနင်္ဂနွေနေ့ နံနက်ပိုင်းက ပြုံတေးခ်မြို့သို့ ချီတက် ခဲ့ကြသည်။ ထိုနေ့မှာပင် အမေရိကန် သံရုံးအနီးနှင့် ကာကွယ်ရေးဝန်ကြီး ဌာနအနီးတွင် လူထုဆန္ဒပြပွဲများကို ကျင်းပပြုလုပ်ခဲ့ကြသည်။

တောင်ကိုရီးယားနိုင်ငံ စစ်အခြေစိုက်စခန်းများတွင် ယခုလောလောဆယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၂၉၅၀၀ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တောင်ကိုရီးယားပြည်သူများ ကန့်ကွက်ဆန္ဒပြနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီသီယိုးပီးယားနိုင်ငံ အဒစ္စအဘာဘာမြို့၌ ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးနေသော မော်တော်ယာဉ်တစ်စီးကို မေ ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပါကစ္စတန်နိုင်ငံ၌ အပူလှိုင်းကျရောက်

အစ္စလမ်မာဘတ် မေ ၁၅

ပါကစ္စတန်နိုင်ငံ အလယ်ပိုင်းတွင် လွန်ခဲ့သည့် ရက်သတ္တပတ်က အပူလှိုင်းကျရောက်ခဲ့မှုကြောင့် လူ၅၁ဦးထက်မနည်း သေဆုံးသွားကြောင်း၊ အပူချိန်မှာ ၅၀ဒီဂရီဆဲလ်ဆီးယပ်စ် အထိရှိခဲ့ကြောင်း အရာရှိများက မေ ၁၂ရက်တွင် ပြောကြားသည်။

သေဆုံး

ပါကစ္စတန်နိုင်ငံ အလယ်ပိုင်း ပန်ဂျပ်ပြည်နယ်တွင် လွန်ခဲ့သည့် မေ ၁၁ရက်ကတည်းက လူ၁၉ဦး ထက်မနည်း သေဆုံးပြီး ယင်းပြည်နယ်တွင် ယခုရက်သတ္တပတ်စောစောပိုင်းက လူ ၃၁ဦး သေဆုံးကြောင်း ကျန်းမာရေးဆိုင်ရာ အရာရှိများက ပြောကြားသည်။ အခြားတစ်ဦးမှာ တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် မေ ၁၀ရက်က သေဆုံးသွားကြောင်း ၎င်းတို့က ပြောကြားသည်။ လူ၁၀၀လောက်မှာ နှလုံးရောဂါ၊ ဝမ်းနှင့်ပတ်သက်သည့် ရောဂါများခံစားရကာ ဆေးရုံတက်နေရသည်။ အပူဒဏ်နှင့် ပူပြင်းခြောက်သွေ့သည့်ဒဏ်ကို မေ ၁၈ရက်အထိ ခံစားရဦးမည်ဖြစ်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်၌ ချန်ချူမုန်တိုင်းတိုက်ခတ် သေဆုံးသူဦးရေ ၄၁ဦး အထိရှိလာ

မနီလာ မေ ၁၅

ဖိလစ်ပိုင်၌ တိုင်ဖွန်းချန်ချူမုန်တိုင်း ဝင်ရောက်တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေ ၄၁ဦးအထိရှိခဲ့ပြီး လျှပ်စစ်ဓာတ်အားလိုင်းများ ယခုတိုင်ပြတ်တောက်နေခဲ့ကြောင်း နီဂရို့စ်ကျွန်းရှိ ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူများက မေ ၁၄ရက်က ပြောကြားသည်။

ယင်း ချန်ချူမုန်တိုင်းသည် တစ်နာရီလျှင် ၁၃ကီလိုမီတာနှုန်းဖြင့် ရွေ့လျားကာ မနီလာမြို့အနောက်တောင်ဘက် မိုင် ၃၆၀အကွာ၌ တည်ရှိနေပြီး တောင်ဘက်သို့ ဖြတ်သန်းတိုက်ခိုက်ရန် အားကောင်းလာလျက် ရှိသည်။ ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၆၀၀၀ခန့်နှင့် လမ်းများ၊ တံတားများ၊ စိုက်ပျိုးမြေများ ပျက်စီးခဲ့ရသည်။ **(အင်တာနက်)**

အမေရိကန်က အီရန်ကို တိုက်လျှင် ရေနံဈေးနှုန်းတက်နိုင်သည်ဟု ချာဗက်ဇ်ပြောကြား

ကာရာကာ့စ်(ဗင်နီဇွဲလား) မေ ၁၅

အမေရိကန်အစိုးရက အီရန်အား တိုက်လျှင် ရေနံဈေးနှုန်းများ မြင့်တက်လိမ့်မည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က မေ ၁၂ရက်၌ ပြောကြားလိုက်သည်။

အမေရိကန်က အီရန်အား စစ်ရေးအရ ပွင့်ပွင့်လင်းလင်း တိုက်ခိုက်လာလျှင် ရေနံဈေးနှုန်းသည် ပို၍ပို၍ မြင့်တက်လာနိုင်ကြောင်း ဗီယင်နာ၌ ချာဗက်ဇ်က သတင်းထောက်များအား ပြောကြားလိုက်သည်။

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်

ပြောကြား

အီရန်အား ခြိမ်းခြောက်မှုများသည် အကျိုးမရှိနိုင်ကြောင်း၊ ရေနံဈေးနှုန်း ကြီးမြင့်မှုကို တွန်းပို့နေသလိုဖြစ်ကြောင်း ၎င်းကပြောကြားလိုက်သည်။

ခြိမ်းခြောက်

အမေရိကန် ပြည်ထောင်စုက နျူကလီးယားသန့်စင်မှု အစီအစဉ်ရပ်ဆိုင်းခြင်းမရှိလျှင် အီရန်အား အရေးယူပိတ်ဆို့ရန် ခြိမ်းခြောက်ထားသည်။

ဝေဖန်

ချာဗက်ဇ်က အမေရိကန်သမ္မတဘုရှ်အား လက်တင်အမေရိကနှင့် ဥရောပခေါင်းဆောင်များ သြစတြီးယား၌ ထိပ်သီးအစည်းအဝေး သီးခြားဆွေးနွေးရာတွင် ဝေဖန်ပြောဆိုလိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

စကြဝဠာအတွင်း၌ နဂါးငွေ့တန်းငယ်နှစ်ခု ထပ်မံတွေ့ရှိ

ဝါရှင်တန် မေ ၁၅

စကြဝဠာအတွင်း ကြယ်စုများဟု သိထားကြသည့် နဂါးငွေ့တန်းအနီးတွင် မှုန်မှုန်ဝါးဝါးဖြင့် သေးသေးနုပ်နုပ်မျှသာ မြင်ရသည့် နဂါးငွေ့တန်းနှစ်ခုကို ထပ်မံတွေ့ရှိရကြောင်း နက္ခတ္တဗေဒပညာရှင်များက မေ ၈ ရက်က ပြောကြားသည်။

၎င်းတို့ကို နဂါးငွေ့တန်း၏ ကော့စမစ်ရောင်ခြည်တန်းအနီး တွေ့ရှိရခြင်းဖြစ်ပြီး ကြယ်စု ၁၄ခု တွေ့ရသော်လည်း ပညာရှင်များကမူ ရာကျော်မျှ ရှိတန်ကောင်းသည်ဟု ယုံကြည်ထားကြသည်။

ယုံကြည်

၎င်းပြင် အဆိုပါဖော်ထုတ်တွေ့ရှိရသည့် မှုန်ဝါးဝါး နဂါးငွေ့တန်းကလေးနှစ်ခုသည် ကြယ်တာရာနှစ်ခုကို ဦးတည်လျက်ရှိသည်ကို တွေ့ရှိရကြောင်း စလိုယင်ဒီဂျစ်တယ်လ်ကောင်းကင်သုတေသနဌာနမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ကြယ်တာရာတစ်ခုအနီး တွေ့ရှိရသည့် နဂါးငွေ့တန်းကလေးသည် နေမှအလင်း နှစ် ၆၄၀၀၀၀ခန့်အကွာတွင်ရှိပြီး ကြယ်တာရာအနီး တွေ့ရသည့် နဂါးငွေ့တန်းကလေးသည်လည်း နေမှ အဆိုပါ အကွာအဝေးခန့်မှာပင် တွေ့ရှိရကြောင်း ၎င်းတို့က ပြောကြားသည်။

တွေ့ရှိ

ဒုတိယကြယ်တာရာအနီးတွေ့ရသည့် နဂါးငွေ့တန်းကလေးသည် အလွန်ပင် မှုန်မှုန်ဝါးဝါးဖြင့် တောက်တောက်ပပကလေး တွေ့ရှိရခြင်းဖြစ်သည်ဟုဆိုသည်။

ယင်းသို့သော နဂါးငွေ့တန်းမျိုးကို ရာပေါင်းများစွာတွေ့ရှိနိုင်သေးကြောင်း နက္ခတ္တဗေဒဆိုင်ရာ အယူအဆ ပညာရှင်အချို့ကလည်း ပြောကြားသည်။

ယခုအထိမူ နဂါးငွေ့တန်းနှစ်ခုအတွင်း ကြယ်စု ၁၄ခုသာ မှုန်ဝါးဝါး တွေ့ရှိရသေးသည်။

အမ်အင်အေ၊ရိုက်တာ

အိန္ဒိယအရှေ့တောင်ပိုင်း၌ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

နယူးဒေလီ မေ ၁၅

အိန္ဒိယနိုင်ငံ၏ အကြီးဆုံးစက်မှုလုပ်ငန်းအုပ်စု ရီလီယန့်စ် စက်မှုလုပ်ငန်းလီမိတက်က အိန္ဒိယနိုင်ငံအရှေ့တောင်ပိုင်း အင်ဒရာပရာဒေ့ရှ်၌ ၂၀၀၈ခု နှစ်လယ်တွင် သဘာဝဓာတ်ငွေ့ တစ်နေ့လျှင်သန်း ၄၀ကုဗမီတာကို စတင်ထုတ်လုပ်မည် ဖြစ်ကြောင်း အင်ဒို-အာရှနယူးစ်ဆားဗစ်က မေ ၁၂ရက်၌ ဖော်ပြသည်။

သုံးစွဲ

အဆိုပါ ကုမ္ပဏီသည် အင်ဒရာပရာဒေ့ရှ်ခရစ်ရှနား ဂိုဒါဗာရီမြစ်ဝှမ်း၌ ဓာတ်ငွေ့ထုတ်လုပ်ရန်အတွက် လာမည့်နှစ် သုံးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၆-၇ဘီလီယံ သုံးစွဲသွားရန် စီစဉ်လျက်ရှိကြောင်း ကုမ္ပဏီဥက္ကဋ္ဌ အာဗီရှာမားက ပြောကြားသည်။

သွယ်တန်း

ယင်းကုမ္ပဏီက အဆိုပါမြစ်ဝှမ်းတည်ရှိရာ ကာရီဒါမှ အိန္ဒိယနိုင်ငံ ဂူဂျာရက် အနောက်ပိုင်းသို့ ကီလိုမီတာ ၁၄၀၀ရှည်သော ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းသွားမည်ဖြစ်ကြောင်း အင်ဒရာပရာဒေ့ရှ်၏ မြို့တော် ဟိုက်ဒရာဘတ်မြို့၌ ကျင်းပသော သဘာဝဓာတ်ငွေ့ဆိုင်ရာ ကွန်ဖရင့်၌ ၎င်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် သဘာဝဓာတ်ငွေ့ ၇၀ကုဗမီတာ သန်းပေါင်း ထုတ်လုပ်နိုင်ချိန်တွင် ပြည်ပမှ သန်း ၂၀ တင်သွင်းနေရသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

မော်တော်ယာဉ်သတိပေးစနစ် စင်ကာပူ၌ စတင်တပ်ဆင်အသုံးပြု

စင်ကာပူ မေ ၁၅

စင်ကာပူတောင်ပိုင်း ဆန်တိုဆာ အပန်းဖြေစခန်းအဝင်၌ အရှိန်ပြင်းစွာ မောင်းသော မော်တော်ယာဉ်သတိပေးစနစ်တစ်ရပ်ကို တပ်ဆင်ထားပြီဖြစ်ကြောင်း၊ ယင်းမှာဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဖြစ်ကြောင်း ချန်နယ်နယူးစ်အာရှက မေ ၁၂ရက် သောကြာနေ့၌ ဖော်ပြသည်။

အဆိုပါ ကိရိယာက အပန်းဖြေစခန်းအတွင်း ဝင်လာသော ကားများ တစ်နာရီလျှင် မိုင် ၄၀နှုန်းထက် မမောင်းရန် သတိပေး အချက်ပြလိမ့်မည်ဟုဆိုသည်။

ယင်းကိုတစ်လကြာ စမ်းသပ်ပြီးလျှင် နေရာအနှံ့တွင် တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်သတိပေးစနစ်ကို စင်ကာပူ၌ ပထမဆုံးတပ်ဆင်ခြင်းဖြစ်ပြီး ၎င်းမှ အချက်အလက်များကို စုဆောင်းနိုင်ကြောင်း၊ အနာဂတ်တွင် ယာဉ်မတော်တစ်ဆမှုများ လျော့ကျသွားရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

လောလောဆယ်တွင် ဆန်တိုဆာကျွန်း၌ မော်တော်ယာဉ်အစီး ၁၀၀၀ခန့် နေ့စဉ်ဝင်ထွက်သွားလာလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများအား ဗီယက်နမ်တရားရုံးမှ သေဒဏ်ချမှတ်

ဟန်နွိုင်း မေ ၁၅

ဗီယက်နမ်တရားရုံးသည် ပြည်တွင်းမှ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူသုံးဦးအား သေဒဏ်ချမှတ်လိုက်ပြီး လေးဦးအား တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းစာက မေ ၁၂ရက်၌ ဖော်ပြခဲ့သည်။

ပြစ်ဒဏ်ချမှတ်

ဟန်နွိုင်းမြို့ ပြည်သူ့တရားရုံး၏ ကြာသပတေးနေ့က ဆုံးဖြတ်ချက် အရ ၎င်းတို့ကို မဖမ်းဆီးမီခင် ၂၀၀၄ ခုနှစ်က နှစ်လအတွင်း ဟီးရိုးအင်း ၃ ဒသမ ၂ ကီလိုနီးပါးကို လူ ၁၁ ဦးသည် ကုန်သွယ်မှုပြုခဲ့ကြကြောင်း၊ လီစီသူနှင့် ၎င်း၏ ဇနီး လီသီဟောင်မင်းတို့သည် ယင်းရောင်းဝယ်မှုများတွင် အဓိကပါဝင်ခဲ့ကြောင်း၊ လီစီသူနှင့် အခြားအမျိုးသားနှစ်ဦးကို သေဒဏ်ပေးခဲ့ကြောင်း၊ လီသီဟောင်မင်းနှင့် အခြားအမျိုးသမီးနှစ်ဦးနှင့် အမျိုးသားတစ်ဦးကို တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်ခဲ့ပြီး အခြားလေးဦးကို ထောင်ဒဏ် ၅၈ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

လုပ်ဆောင်

ဗီယက်နမ်၏ဥပဒေတွင် ဟီးရိုးအင်း ဂရမ် ၆၀၀ သို့မဟုတ် ၎င်းနှင့်အထက်အား ပိုင်ဆိုင်ခြင်း၊ ကုန်သွယ်ခြင်း၊ မှောင်ခိုရောင်းဝယ်ခြင်းပြုလုပ်လျှင် သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ် ချမှတ်နိုင်သည်။ ယင်းသို့ ပြုလုပ်ခြင်းသည် ၂၀၁၅ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သော နိုင်ငံဖြစ်လာရန် ရည်မှန်းချက်ထား လုပ်ဆောင်နေခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဖရုံသီးကို လက်ညှိုးပေါ်တင်ပြီးငှနာရီခန့်လှည့်ပြ

ဖရုံသီးတစ်လုံးကို လက်ညှိုးပေါ်တင်ကာ မနားတမ်း လှည့်ပြီး အချိန်အကြာဆုံး ဂင်းနက်စ်မှတ်တမ်းတင်နေသူကို တွေ့ရစဉ်။ (အောက်ပုံ)

(တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စုပြည်နယ် နန်နင်းမြို့ ဥယျာဉ်တစ်ခုအတွင်း ကျောဂန်ဆိုသူ တရုတ်အမျိုးသား တစ်ဦးက နှစ်ကီလိုဂရမ် အလေးချိန်ရှိသော ဖရုံသီးတစ်လုံးကို သူ၏ လက်ညှိုးပေါ်တင်ကာ လှည့်နေသည့်အချိန်သည် ၃ နာရီနှင့် ၅၉ မိနစ်ကြာခဲ့ရာ ကမ္ဘာပေါ်တွင် အချိန်အကြာဆုံး ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။) **(အင်တာနက်)**



ဒေါ်လာ တစ်သိန်းနှစ်သောင်းတန် ခွေး

ဒေါ်လာ တစ်သိန်းနှစ်သောင်းတန်သော ခွေးတစ်ကောင်ကို တွေ့ရစဉ်။ (အပေါ်ပုံ)

(တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွန်ပြည်နယ် ချန်ဒူးမြို့တွင် မေ ၁၃ရက်က ပြုလုပ်သော လေလံတင်ရောင်းချပွဲတစ်ခု၌ တိဗက်အိမ်စောင့် ခွေးကြီးတစ်ကောင်သည် အမေရိကန်ဒေါ်လာတစ်သိန်းနှစ်သောင်းအထိ ရရှိခဲ့ကြောင်း သိရသည်။)

(အင်တာနက်)

16-5 (05).p65 1 1/14/32, 11:44 PM

ချန်ပီယံလိဂ်ဖလား အင်္ဂလန်ကို လာမှာလား၊ စပိန်ကို သွားမှာလား

စုစည်းတင်ပြသူ–မောင်မောင်မြင့်ဆွေ

၂၀၀၅–၂၀၀၆ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ အမျိုးသားအားကစား ကွင်းကြီး၌ မေ ၁၇ရက်တွင် အာဆင်နယ်နှင့် ဘာစီလိုနာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်သည်။



အာဆင်နယ်အသင်းနည်းပြ အာဆင်ဝင်းဂါး။
(ဓာတ်ပုံ–အင်တာနက်)

၁၉၅၅–၅၆ခုနှစ်မှ စတင်ကျင်းပခဲ့သော ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲသည် ယခုနှစ်တွင် နှစ်ပေါင်း(၅၀)ရှိခဲ့ပြီဖြစ်ရာ ရွှေရတုတိုင်ခဲ့ပြီဖြစ်သည်။ ပထမဆုံး ချန်ပီယံလိဂ်ပြိုင်ပွဲ၌ စပိန်ကလပ် ရီးရဲလ်မက်ဒရစ်တို့ အနိုင်ရဗိုလ်စွဲခဲ့ပြီး ချန်ပီယံလိဂ်သမိုင်းတွင် ကိုးကြိမ်တိတိ ဗိုလ်စွဲခဲ့သည်မှာလည်း ရီးရဲလ်မက်ဒရစ်ပင် ဖြစ်သည်။

ချန်ပီယံလိဂ်သမိုင်းတွင် ပြင်သစ်မြေသည် စပိန်တို့အတွက် အောင်မြေဖြစ်ရာ ယခုနှစ် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲသည်လည်း စပိန်အသင်း ဘာစီလိုနာအတွက် အောင်မြင်မှု ပေးစွမ်းနိုင်ခြင်း ရှိမရှိ မကြာမီ သိရှိရတော့မည်ဖြစ်သည်။

ချန်ပီယံလိဂ်သမိုင်းတွင် စပိန်ကလပ် ရီးရဲလ်မက်ဒရစ် ကိုးကြိမ် ဗိုလ်စွဲခဲ့ဖူးသလို အင်္ဂလန်ကလပ် လီဗာပူးကလည်း ငါးကြိမ် ဗိုလ်စွဲဖူးထားသည်ဖြစ်ရာ ချန်ပီယံလိဂ်ဖလားသည် အင်္ဂလန်အသင်းများအတွက် မစိမ်းချေ။ သို့သော် ဘာစီလိုနာအသင်းသည် ၁၉၉၂ခုနှစ်က ချန်ပီယံလိဂ်ဗိုလ်စွဲထားဖူးသော မှတ်တမ်းရှိသည့် အသင်းဖြစ်သည်။

ထို့အပြင် ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ် သမိုင်းတွင် နှစ်ပေါင်း၅၀ ဆက်တိုက်ဝင်ရောက်ကစားနိုင်ခဲ့သည့် တစ်ခုတည်းသော အသင်းအဖြစ် ဂုဏ်ယူစွာ ရပ်တည်နိုင်သည့် အသင်းဖြစ်သည်။

ထိပ်တိုက်တွေ့ပြီ

အင်္ဂလန်ကလပ် အာဆင်နယ်မှာ ယခုနှစ်မှ ပထမဆုံးအကြိမ် ဗိုလ်လုပွဲသို့ တက်ရောက်လာသည့် လူသစ်တန်းဖြစ်ရာ ချန်ပီယံလိဂ် ဝါရင့်သမ္ဘာရင့် ဘာစီလိုနာနှင့် ထိပ်တိုက်တွေ့ကြပြီဖြစ်သည်။

ဘာစီလိုနာ တိုက်စစ်မှူး ရော်နယ်ဒင်ဟို

ချန် ပီ ယံ လိဂ် ဗိုလ်လုပွဲတွင် ဘာစီလိုနာ၏ အဓိက ကစားသမား တိုက် စစ် မှူး ရော်နယ်ဒင်ဟို။
(ဓာတ်ပုံ–အင်တာနက်)

ဗိုလ်လုပွဲအထိဖြတ်သန်းမှု

အာဆင်နယ်သည် ပရီမီယာလိဂ် အင်အားကြီး ဘောလုံးအသင်းဖြစ်သော်လည်း ယခုနှစ်၌ ပရီမီယာလိဂ်တွင် ပုံမှန်ခြေစွမ်း မရခဲ့သဖြင့် ရလဒ်မကောင်းခဲ့ရာ ပရီမီယာလိဂ် ရာသီကုန်ပွဲစဉ်များ၌ ချန်ပီယံလိဂ်ကို ပိုမိုအားပြုကစားခဲ့သည်။ ထို့ကြောင့် ချန်ပီယံနောက်ဆုံးပွဲစဉ်များ၌ ရီးရဲလ်မက်ဒရစ်ကို တစ်ဂိုး–ဂိုးမရှိ၊ ဂျူဗင်းတပ်ကို နှစ်ဂိုး–ဂိုးမရှိ၊ ဗီလာရီးရဲလ်ကို တစ်ဂိုး–ဂိုးမရှိ ရလဒ်များဖြင့် ဗိုလ်လုပွဲ တက်ရောက်လာခြင်း ဖြစ်သည်။

ဘာစီလိုနာမှာ စပိန်လာလီဂါတွင် ချန်ပီယံဖြစ်ခဲ့ပြီး ဖလားရရှိခဲ့သည်။ လာလီဂါတွင် ပုံမှန်ခြေစွမ်းပြနိုင်ပြီး ချန်ပီယံလိဂ် နောက်ဆုံးပွဲစဉ်များ၌လည်း နာမည်ကြီးချယ်လ်ဆီးကို အိမ်ကွင်း၊ အဝေးကွင်း သုံးဂိုး–နှစ်ဂိုး၊ ဘင်ဖီကာကို အဝေးကွင်း အိမ်ကွင်း နှစ်ဂိုး–ဂိုးမရှိ၊ အေစီမီလန်နှင့် တစ်ဂိုး–ဂိုးမရှိ အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်း ဖြစ်သည်။ ထိုသို့ ကျော်ဖြတ်ရာတွင် ချယ်လ်ဆီး၊ ဘင်ဖီကာနှင့် အေစီမီလန်တို့ကဲ့သို့ အသင်းကြီးများကို ကျော်ဖြတ်နိုင်ရန်အတွက် ဘာစီလိုနာတို့ အစွမ်းကုန် ကြိုးစားခဲ့ရပြီးမှ ဗိုလ်လုပွဲသို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဘာစီလိုနာနှင့် အာဆင်နယ်တို့ နောက်ဆုံးအဆင့် ဗိုလ်လုပွဲသို့ ရောက်ရှိခဲ့ခြင်းမှာ သာမန်အစွမ်းအစရှိမှုနှင့် မဟုတ်ကြောင်း ပြသနေသည်။

နည်းပြနှစ်ဦး၏အနေအထား

ဝါနှင့်သမ္ဘာ၌ အာဆင်ဝင်းဂါးက သာနေသည်။ တစ်ဖက်အသင်း၏ လူအနေအထား၊ ကစားမည့်ဗျူဟာကို တွက်ချက်ရာ၌ အာဆင်ဝင်းဂါးက သာလွန်နေသည်။ တစ်ဖက်အသင်း အားနည်းမှုကို ချက်ချင်းရှာတတ်သူလည်းဖြစ်ရာ ဗျူဟာအခင်းအကျင်း၌ ဝင်းဂါးကို မမီချေ။

အာဆင်နယ်အသင်းကို ကစားကွက် ကြောင်မနေအောင် ချန်ပီယံလိဂ် ပွဲစဉ်တစ်လျှောက် ၄–၄–၂ ပုံစံ အများဆုံး ကစားစေခဲ့ပြီး ပြိုင်ပွဲအတွင်း နည်းဗျူဟာ အခင်းအကျင်းကို ချက်ချင်းပြောင်းကာ လူစားလဲရာတွင်လည်း လက်မနှေးသူ ဖြစ်သည်။ နည်းဗျူဟာ ပြောင်းလဲမှုနှင့် လူစားလဲမှုတို့တွင် မှန်ကန်တိကျမှုက များသဖြင့် ချန်ပီယံလိဂ်ပွဲစဉ်တစ်လျှောက် မထင်မှတ်သော ရလဒ်များကို ဖော်ကျူးနိုင်ခဲ့သူလည်း ဖြစ်သည်။

ဘာစီလိုနာနည်းပြ ရိုက်ကတ် ကလည်း ပြည်တွင်းလာလီဂါမှာ ဘာစီလိုနာကို ဗိုလ်စွဲအောင် သက်သေပြပြီး ဖြစ်သဖြင့် သူ၏အရည်အချင်းက အကောင်းဆုံးအနေအထားကို ဖော်ပြနေသည်။ ချန်ပီယံလိဂ်တွင်လည်း ဗိုလ်လုပွဲအထိရောက်အောင် ရိုက်ကတ် စွမ်းဆောင်နိုင်ခဲ့ပြန်ရာ ဘာစီလိုနာတို့ ဖလားနှစ်လုံးရရှိရေး လက်တစ်ကမ်း အကွာသို့ ရောက်ရှိနေပြီဖြစ်သည်။

ရိုက်ကတ်အနေဖြင့် မိမိအသင်း၏ အားနည်းချက်ကို ချက်ချင်းသိကာ ပြုပြင်နိုင်စွမ်းရှိပြီး ဘောလုံးသမား တစ်ဦးချင်းစီ၏ အရည်အချင်းများကို မြင်တတ်သူဖြစ်သည်။ ပြိုင်ပွဲရလဒ်ကို မည်သို့ ပုံဖော်မည်ကို အမြဲတမ်း ကြံစည်နေသူလည်း ဖြစ်သည်။

ဘာစီလိုနာအသင်း နည်းပြ ဖရန့်ရိုက်ကတ်ဒ်။
(ဓာတ်ပုံ–အင်တာနက်)

ပြည်တွင်းလာလီဂါ၌ ဗိုလ်စွဲအောင် ပြုလုပ်နိုင်ခဲ့ပြီး ဘာစီလိုနာကို ဗိုလ်လုပွဲအထိ ရောက်အောင် လုပ်ဆောင်ပေးနေသူမှာ ၎င်းပင်ဖြစ်သည်။

ဘောလုံးသမားများ၏အနေအထား

အာဆင်နယ်အနေဖြင့် ဘာစီလိုနာအသင်းကို တစ်ဦးချင်းစွမ်းရည်၌ မယှဉ်နိုင်ချေ။ အာဆင်နယ် နောက်တန်း ခံစစ်မှူးများဖြစ်သည့် အီဘိုယေး၊ တိုရေး၊ ကမ်းဘဲလ်နှင့် ဖလာမီနီတို့ထက် ဘာစီလိုနာ နောက်ခံလူများဖြစ်သည့် ဘရွန်ခရော့စ်၊ ပူယိုးလ်၊ မားကွက်ဇ်နှင့် ဘယ်လက်တီတို့က အမှားအယွင်း ပြုလုပ်တတ်ကြသည်။

ကွင်းလယ် ကစားကွက်တွင် ဘာစီလိုနာမှ ဒေကို၊ ဂူလီ၊ အင်နီယေစတာတို့က အာဆင်နယ်မှ ဖာဘရီဂတ်စ်၊ ဆေးလ်ဗား၊ ယွန်းဘတ်တို့ထက် ကွင်းလယ်ကစားကွက်ကို စိုးမိုးထားနိုင်ပြီး တိုက်စစ်ကို ပိုပြီးကူပေးနိုင်ကြသည်။ အာဆင်နယ်အလယ်တန်း တောင်ပံထွက်ကစားတတ်သည့် ယွန်းဘတ်ကလည်း ခြေကျစပြုပြီဖြစ်ရာ ပွဲချိန်ပြည့် အင်တိုက်အားတိုက် မကစားနိုင်ချေ။

ရှေ့တန်းတွင် အာဆင်နယ်တို့က အွန်နရီ တစ်ဦးတည်းကိုသာ အားပြုလွန်းနေသည်။ အွန်နရီ၏ ဘောလုံးအထိန်းအသိမ်း၊ ဂိုးသွင်းသေချာမှုနှင့် လျင်မြန်မှု၊ အကွက်မြင်မှုနှင့် တစ်ကိုယ်တော် ထိုးဖောက်ဂိုးသွင်းတတ်မှု များကြောင့်လည်း အာဆင်နယ်အသင်း ချန်ပီယံလိဂ် ဗိုလ်လုပွဲအထိ ချီတက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဘာစီလိုနာတို့က အွန်နရီကို ကစားပေါက် ပိတ်ဆို့ဟန့်တားနိုင်ခဲ့လျှင် အာဆင်နယ် တိုက်စစ်သည် အသက်မပါ၊ ရသမဖြောက် ဖြစ်သွားနိုင်သည်။

ဘာစီလိုနာရှေ့တန်းတွင် အီတိုးနှင့် ရော်နယ်ဒင်ဟိုတို့က အာဆင်နယ် နောက်တန်းကို မနားတမ်းမွှေနှောက် ကစားနိုင်ကြသူများ ဖြစ်သလို အီတိုး၏ ဂိုးသွင်းသေချာမှု၊ ရော်နယ်ဒင်ဟို၏ ဂိုးရအောင် ဖန်တီးပေးနိုင်မှုနှင့် ကိုယ်တိုင် ဂိုးသွင်းမှန်ကန်မှုများကလည်း ဘာစီလိုနာကို အသာစီးရအောင် စွမ်းဆောင်ပေးနိုင်ကြမည် ဖြစ်သည်။

သို့သော် တစ်ဦးချင်းဂိုးသွင်းစွမ်းရည်တွင်မူ ပရီမီယာလိဂ်၌ အွန်နရီက ၂၇ဂိုးသွင်းနိုင်ခဲ့သော်လည်း ဘာစီလိုနာအတွက် လာလီဂါတွင် ရော်နယ်ဒင်ဟိုက ၁၅ဂိုးသာ သွင်းပေးနိုင်ခဲ့သည်။ ပြည်တွင်း ကလပ်ပြိုင်ပွဲများ၌ အွန်နရီက အာဆင်နယ်အတွက် ပိုပြီး အကျိုးပြုနိုင်သလို ချန်ပီယံလိဂ်တွင်မူ ရော်နယ်ဒင်ဟိုက ဘာစီလိုနာအတွက် ဂိုးအများဆုံး သွင်းပေးထားနိုင်သည်။



အွန်နရီ ခြေစွမ်းပြမှာလား

ချန်ပီယံ လိဂ် ဗိုလ်လုပွဲတွင် အာဆင်နယ် အတွက် အဓိက မောင်းနှင်အားပေးမည့် သီယာရီ အွန်နရီ။
(ဓာတ်ပုံ–အင်တာနက်)

သတိထားရမည့်ကစားကွက်

ဘာစီလိုနာ၏ အားနည်းချက်မှာ ခံစစ်ပိုင်း အားပျော့နေပြီး အာဆင်နယ်၏ အားနည်းချက်မှာ ကွင်းလယ်ကစားကွက် ခါးပြတ်တတ်နေခြင်း ဖြစ်သည်။ အာဆင်နယ်တို့ သတိထားရမည်မှာ ဘာစီလိုနာတို့က ကွင်းလယ် ကစားကွက်ကို အချိန်ပြည့် စိုးမိုးပြီး မနားတမ်း တိုက်စစ်ဆင်ကာ ဖိကစားပါက အာဆင်နယ်ခံစစ်မှူးများ ဖရိုဖရဲဖြစ်သွားနိုင်ပြီး ဂိုးများပေးသွားရနိုင်သည်။ အွန်နရီကို အပိုင်တားဆီးပြီး ဘာစီလိုနာတို့ စိတ်ကြိုက် ထိုးဖောက်ကစားပါက ဂိုးများရသွားနိုင်သလို ချေပဂိုးများပင် ပေးစရာ မလိုအောင် ဖြစ်သွားနိုင်သည်။

အာဆင်နယ်၏ အားသာချက်မှာ တန်ပြန်တိုက်စစ်ပင်ဖြစ်သည်။ မည်သည့်အသင်းနှင့်မျှ မတူသော အာဆင်နယ်၏ လျင်မြန်သော တန်ပြန်တိုက်စစ်သည် ပြိုင်ဘက်အသင်း အများအပြားကို ဒုက္ခပေးခဲ့ပြီးဖြစ်သည်။ တန်ပြန်တိုက်စစ်မှ ရသော ဂိုးများဖြင့် အာဆင်နယ်တို့ အောင်ပွဲအလီလီခံခဲ့ကြပြီး ဖြစ်သည်။

ချန်ပီယံလိဂ်သမိုင်းတွင် ၁၉၉၂ ခုနှစ်က ဆမ်ဒိုးရီးယားအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ယူပြီး ဗိုလ်စွဲခဲ့ဖူးသော ဘာစီလိုနာ၊ ချန်ပီယံလိဂ် နှစ်(၅၀)အတွင်း ဆက်တိုက်ဝင်ရောက်ယှဉ်ပြိုင်ကစားနိုင်ခဲ့သော ဘာစီလိုနာ၊ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးနှစ်ဦးကို ပိုင်ဆိုင်ထားသော ဘာစီလိုနာတို့ ဒုတိယအကြိမ်မြောက် ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ရန် အစွမ်းကုန် ကြိုးစားတော့ပေတော့မည်။

ထို့အတူ ပြိုင်ဘက် ပရီမီယာလိဂ်အသင်းများဖြစ်သော ချယ်လ်ဆီး၊ မန်ယူ၊ လီဗာပူးတို့က ယခုနှစ်ဘောလုံးရာသီတွင် ဖလားတစ်လုံးစီ လက်ဝယ်ပိုင်ပိုင်ကိုင်ပြီး ယခုနှစ်ဘောလုံးရာသီကို သိက္ခာရှိစွာ နှုတ်ဆက်ခဲ့ကြပြီဖြစ်ရာ အာဆင်နယ်တို့၏ အနေအထားကို ကမ္ဘာ့ဘောလုံးပရိသတ်ကြီးက စောင့်ကြည့်နေကြပြီ ဖြစ်သည်။

အာဆင်နယ်နည်းပြ အာဆင်ဝင်းဂါး၏ ချန်ပီယံလိဂ်အပေါ် ခြေစုံပစ် အာရုံစိုက်ခဲ့မှု၏ အကျိုးရလဒ်သည် အချည်းနှီး မဖြစ်တန်ကောင်းရာ အကောင်းဆုံး ကစားသမားများနှင့် အထိရောက်ဆုံးနည်းဗျူဟာကို ခင်းကျင်းပြီး ပရီမီယာလိဂ်ဖလား၊ ကားရင်းဖလား၊ အက်ဖ်အေဖလားတို့ထက် ဂုဏ်သိက္ခာမြင့်မားသော ချန်ပီယံလိဂ်ဖလားကို အိတ်သွန်ဖာမှောက် ကြိုးစားရယူတော့မည်ဖြစ်ရာ တစ်ကြိမ်တစ်ခါမျှ မရခဲ့ဖူးသေးသော ချန်ပီယံဖလား အိပ်မက်ကို အာဆင်နယ်တို့ မည်သို့လက်တွေ့ကျကျ ရယူနိုင်ခြင်းရှိ မရှိကို စောင့်ကြည့်ရပေတော့မည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၆–၅–၂၀၀၆ရက်(အင်္ဂါနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၇။ အကပြိုင်ပွဲ
၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၉။ ဒေသဖွံ့ဖြိုးတိုးတက်စေမည့် ဒုဋ္ဌဝတီ
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Happy and Educational English Summer Course MRTV
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၀ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၂၀ ၇။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း–၂) ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ အိုင်းရစ်လေပြေဦး၊ ဝိုင်းစုခိုင်သိန်း၊ (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇:၃၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ စ စပါးတို့အားထား ပဲခူးတိုင်းရဲ့ နွေစပါး
၁၈:၄၅ ၁၂။ ကြေးမုံရိပ်သွင်တေးနယ်ဥ
၁၉:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာနုနု"** (အပိုင်း–၁၂) [ဇာတ်သိမ်းပိုင်း]
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"** (အပိုင်း–၁၄)
၁၈။ နောက်တစ်နေ့အစီအစဉ်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးမှူး စံပြဆေးရုံကြီး(သဃ်န်းကျွန်း)၌ စုပေါင်းသန့်ရှင်း၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်း

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် စံပြအထွေထွေ ရောဂါကု ဆေးရုံကြီး (သဃ်န်းကျွန်း) စုပေါင်းသန့်ရှင်းရေးနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲတွင် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက စုပေါင်းသွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးကြစဉ်။ (မြို့တော်စည်ပင်)

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် စံပြအထွေထွေ ရောဂါကု ဆေးရုံကြီး(သဃ်န်းကျွန်း) စုပေါင်းသန့်ရှင်းရေးနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်၇နာရီက သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရားလမ်းရှိ စံပြအထွေထွေရောဂါကု ဆေးရုံကြီး၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ဌာနကြီးမှူးများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်နှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ညွန့်နှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

စိုက်ပျိုးပေး

ရှေးဦးစွာ စံပြအထွေထွေရောဂါကု ဆေးရုံကြီး(သဃ်န်းကျွန်း)မှ ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်ကြီးက စံပြအထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်း လုပ်ကွက် ခြောက်ကွက်ခွဲကာ စုစုပေါင်းအင်အား ၅၀၀ ကျော်ဖြင့် အမှိုက်လှဲခြင်း၊ ချုံနွယ်မြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ အတွင်းမှ အမှိုက်များ ဆယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသပြီး ခံ့စည်းရိုးကြက်ဆူပင်၃၀၀စိုက်ပျိုးရာသို့ သွားရောက်၍ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူးများ၊ တာဝန်ရှိသူများနှင့်အတူ ခံ့စည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ စံပြအထွေထွေ ရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ စုပေါင်းသန့်ရှင်းရေးနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင်ဒေါ်နီလာသော်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ဦးဆောင်ကာ စုပေါင်းသန့်ရှင်းရေးနှင့် စံပြ အထွေထွေရောဂါကုဆေးရုံကြီး (သဃ်န်းကျွန်း)သို့ ငွေပဒေသာပင် စိုက်ထူ လှူဒါန်းပွဲ ပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ငွေပဒေသာပင်လှူဒါန်း

ထို့နောက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပရာ ရွှေသံလွင်ကုမ္ပဏီ ဦးကျော်မင်းက အလှူငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ငွေကျပ်နှစ်သိန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးလှစိန် ရေပိုက်ပစ္စည်းရောင်းဝယ်ရေးက ငွေကျပ် ၁၅၀၀၀၀၊ ကိုင်ရှိဆောက်လုပ်ရေးမှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ထွေးက ငွေကျပ်၁၅၀၀၀၀နှင့် အလှူရှင် ၁၁ဦးတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင်၃၅ဦးတို့က အလှူငွေကျပ် ၄၁၉၀၀၀၀ကို ပေးအပ် လှူဒါန်းကြရာ ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ညွန့်၊ ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် စံပြအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ကြီးတို့က လက်ခံကြသည်။

ဆက်လက်၍ စံပြအထွေထွေ ရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သွားရောက်အားပေး

အခမ်းအနားအပြီးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် စံပြအထွေထွေရောဂါကု ဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း သွေးအလှူရှင်၅၀တို့က စုပေါင်းသွေး လှူဒါန်းနေမှု အခြေအနေများကို သွားရောက် အားပေးကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

သုံးခွ စပယ်ချောင်ကျေးရွာ စပယ်မြိုင်စာကြည့်တိုက် နှစ်ပတ်လည်အထိမ်းအမှတ်နှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် စပယ်ချောင်ကျေးရွာ စပယ်မြိုင် စာကြည့်တိုက်နှစ်ပတ်လည် အထိမ်းအမှတ်နှင့် စာအုပ်လှူဒါန်းပွဲကို ယမန်နေ့က စပယ်မြိုင်စာကြည့်တိုက်၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်နွဲ့က အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေးက စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် စာပေရေးရာများ ဟောပြောသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် စာအုပ်လှူဒါန်းပွဲ ကျင်းပရာ မန္တလေးမြို့မှ ဦးစိန်လှအောင်–ဒေါ်စန်းယဉ်တို့က စာအုပ်မျိုးစုံ ၄၈၆အုပ်၊ ရန်ကုန်မြို့မှ ဦးတင်ရွှေ–ဒေါ်ခင်ရီတို့က စာအုပ်မျိုးစုံ ၁၁၅အုပ်၊ ဦးသိန်း–ဒေါ်ခင်ငွေတို့က စာအုပ်မျိုးစုံ ၁၁၂အုပ်၊ သုံးခွမြို့မှ ဦးမြင့်ဟန်–ဒေါ်ခင်ဝင်းတို့က စာအုပ်မျိုးစုံ ၅၁အုပ်၊ ဦးမြင့်ဆွေ–ဒေါ်သိန်းနွဲ့တို့က စာအုပ်မျိုးစုံ ၅၂အုပ်၊ ရန်ကုန်မြို့မှ ဦးအောင်ကျော်မြင့်–ဒေါ်နီနီဆွေတို့က စာအုပ်မျိုးစုံအုပ်၈၀၊ ရန်ကုန်မြို့မှ ဦးဇော်ဝင်းဟန်–ဒေါ်တင်တင်မျိုးမြင့်တို့ကစာအုပ်မျိုးစုံအုပ် ၂၅၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာအုပ်အမျိုးစုံ အုပ် ၂၀၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနက စာအုပ်မျိုးစုံ အုပ် ၁၀၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဒို့ကျေးရွာ ဂျာနယ် အစောင် ၃၀၊ ဦးကြည်စိုးနှင့် ဇနီးတို့က စာအုပ်မျိုးစုံ ၆၅အုပ်တို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်နွဲ့က စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းပြီး ဂုဏ်ပြုလွှာ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်အားအနည်းငယ် မြေငလျင်လှုပ်

ရန်ကုန် မေ ၁၅

ယနေ့ မြန်မာစံတော်ချိန် နံနက် ၄ နာရီ ၄၅ မိနစ် ၅၂ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင်၁၁၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၈အဆင့်ရှိ အင်အားအနည်းငယ်ရှိသည့် မြေငလျင်တစ်ခု လှုပ်သွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖတ်စရာ မှတ်စရာစုံလင် ဒို့ကျေးရွာ ဂျာနယ် ထွက်ပြီ

ရန်ကုန် မေ ၁၅

ကျေးလက်နေ ပြည်သူများ ကျန်းမာပျော်ရွှင်ရေး၊ ခေတ်နှင့်ညီသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိရေးအတွက် ရည်ရွယ်၍ ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၁၀)ကို မေ၁၅ရက်က ထုတ်ဝေလိုက်ပြီဖြစ်သည်။**(အပေါ်ပုံ)**

ယခုတစ်ပတ်ဂျာနယ်တွင် နည်းသစ်နှင့်ငှက်သိုက်ရှာမည်၊ အစေ့မဲ့အသီးများဖြစ်လာစေရန်၊ နို့ဦးရည်၏ အာနိသင်၊ ကီလိုမာလကာစိုက်ပျိုးရေး၊ လုပသစ်ဆန်း သစ်ခွပန်း၊ စပါးမျိုးများ ပြောင်းလဲရွေးချယ်ပါ၊ ဇီဝဘေးထွက် ပစ္စည်းများနှင့် အစားထိုး လောင်စာသစ်၊ ပဲပုပ်စေ့ဈေးကွက်၊ စပါးခင်းမှာငါးမွေးပါ၊ နို့ပိုဝက်၊ အိမ်မွေး တိရစ္ဆာန်ကြောင်လေးများ၊ အအိပ်မတော်တစ်ချက်၊ ဝက်များတွင် ဖြစ်တတ်သော ပလိပ်ရောဂါ၊ အညာတစ်ခိုက မိုးအဆိုခလေ့များ၊ ဆေးဖက်ဝင်ဆပ်သွားဖူးပင်၊ အနာအတွက် ပဲပိစပ်ရွက်၊ ငုံး(သို့မဟုတ်) ရန်သူလာရင် အချက်ပေးတဲ့ ငှက်၊ မြန်မာတို့ချစ်တဲ့ ကိုရီးယားမင်းသား စသည့် ဝတ္ထု၊ ဆောင်းပါး၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကို ဖွယ်ဖွယ်ရာရာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ်(၃၀–၃၂) ၁၀လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၇၁၃၄၀၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆–၅–၂၀၀၆ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	ကျန်းမာရေးအတွက် သန့်(၄)သန့်
၇:၃၅	ပြည်တွင်းသတင်းအကျဉ်း
၇:၄၅	ရော်ဘာသစ်အလုပရိဘောဂ
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	နေ့စဉ်သုံး မြန်မာစာအရေးအသား
၈:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၂၀	ဆပ်ပြာစက်ရုံ(မန္တလေး)
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	Sunday Talk(ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို–(စက်မှုတက္ကသိုလ်)
၉:၂၅	မိုးလေဝသခန့်မှန်းချက်
၉:၃၀	ဟင်းရွက်ရေလှောင်တမံ
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	ဆီးသီး၏အသုံးဝင်မှုများ
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	အလွမ်းချိုချို(မျိုးစန္ဒီကျော်၊ ရန်ပိုင်စိုး၊ဇင်မျိုး)
၁၀:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	အမှတ် (၂)သတ္တုတွင်းလုပ်ငန်း
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	Teens Star(နန်းဆုရတီစိုး)
၁၁:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀	ရောဂါဘယကင်းဝေးဖို့ တိုင်းရင်းဆေးကိုသုံးကြစို့
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဗီယက်နမ်အသံလွှင့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် မေ ၁၅

ဗီယက်နမ်အသံလွှင့်ဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ အကြားပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ဗီယက်နမ်အသံလွှင့်ဌာန Radio the Voice of Vietnam-VOV မှ Chief of VOV's Bureau in Central Vietnam, Mr.Tran Son Ngoe ခေါင်းဆောင်ပြီး အဖွဲ့ဝင်သုံးဦး ပါဝင်သော ဗီယက်နမ်အသံလွှင့်ဌာန ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၇နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။**(အပေါ်ပုံ)**

ကြိုဆိုနှုတ်ဆက်

ဗီယက်နမ်အသံလွှင့်ဌာန ကိုယ်စားလှယ်အဖွဲ့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး(အသံလွှင့်) ဦးကိုကိုထွေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းတွင် လယ်မြေဧက ၁၁၈၅၀၀ ခန့် စိုက်ပျိုးရေပေးဝေနိုင် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၁၂၅ ထုတ်လုပ်ပေးနိုင်မည်ဖြစ်

ရှင်းလင်းပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်တွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

မြစ်ရေတင်စီမံကိန်း ၂၉၃ ခု တည်ဆောက်ပေးထားပြီး ဖြစ်ကြောင်း၊ ဆက်လက်၍လည်း လိုအပ်သောဒေသများ၌ ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ စိုက်ပျိုးရေးမူဝါဒတစ်ရပ်အဖြစ် နောင် တိုးပွားလာမည့်လူဦးရေသန်း ၁၀၀ အထိ စားသုံးမှုဖူလုံပို လျှံစေရန် ရည်မှန်းချက် ချမှတ်အကောင်အထည်ဖော်နေခြင်း ဖြစ်ကြောင်း။

အလားတူ ၁၉၈၈ ခုနှစ် ကာလမြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုပမာဏမှာ ယူနစ်သန်းပေါင်း ၁၅၀၀ ကျော်သာရှိကြောင်း၊ နိုင်ငံတော်အစိုးရက ဆိုရှယ်လစ်စီးပွားရေးစနစ်အစား ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ခဲ့ပြီး နောက်ပိုင်းတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ များစွာ မြင့်တက်လာခဲ့ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းကြီးများကို ဖော်ဆောင်ပေးခဲ့ကြောင်း။

ဆက်လက်တည်ဆောက်

၁၉၈၈ ခုနှစ်မှ ယနေ့အထိ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်း ၃၀ နှင့် အခြားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်း ကိုးခုကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့ကာလတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် သန်း ၅၀၀၀ ကျော် ထုတ်လုပ် သုံးစွဲနိုင်လျက်ရှိကြောင်း၊ ပဲခူးတိုင်းအတွင်းရှိ ရဲနွယ်၊ ခပေါင်း စသည့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများအပါအဝင် တစ်နိုင်ငံလုံးတွင် ၁၅ ခုကိုလည်း ဆက်လက် တည်ဆောက်လျက်ရှိပြီး နောက်ထပ်စီမံကိန်း ၁၅ ခုတည်ဆောက်ရန် လျာထားကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပ သတင်းစာဆရာများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဆည်မြောင်းဦးစီးဌာန၊ ရေအားလျှပ်စစ်ဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ပြည်တွင်းပြည်ပ သတင်းစာဆရာများသည် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မရေလှောင်တမံကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မြေသားတမံ

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ပင်မရေလှောင်တမံမှာ အလျားပေ ၁၀၅၀၊ အမြင့်ပေ ၂၅၀ နှင့် ရေလှောင်ပမာဏ ဧကပေ ၉၃၁၈၈၀ သိုလှောင်နိုင်သော မြေသားတမံဖြစ်ပြီး လယ်မြေဧက ၁၁၈၅၀၀ ခန့်ကို စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ်စက်ရုံမှ ၁၂ ဒသမ ၅ မဂ္ဂါဝပ်နှစ်လုံးဖြင့် နှစ်စဉ် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၅ ထုတ်လုပ်နိုင်မည် ဖြစ်သည်။ ယခုအခါ ရေလှောင်တမံကို တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ပြီဖြစ်ပြီး ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် သံတမန်အဖွဲ့ နာယကဦးဆောင်သော အဖွဲ့ဝင်များသည် ဒုတိယတိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး အုတ်တွင်းမြို့နယ် ခပေါင်းချောင်းနှင့် ပရိုင်းချောင်းဆုံအနီးရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ လက်ထောက်ညွှန်ကြားရေးမှူး(၃) ဦးအောင်ဗိုလ်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရေလွှဲဥမင်လိုဏ်၊ မြေသားတမံနှင့် ကုန်းကျောတမံ တည်ဆောက်ခြင်း၊ ပင်မတမံတည်ဆောက်ခြင်း၊ ရေပိုလွှဲနှင့် ရေလွှဲဆည် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ရေအားရေထိန်းတံခါးပြွန်၊ ရေသွယ်ဥမင်လိုဏ်၊ ဖိအားမြင့် သံမဏိပိုက်လိုင်းနှင့် ဓာတ်အားပေးစက်ရုံ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုပမာဏနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏတို့ကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်တွင်းပြည်ပ သတင်းစာဆရာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် သက်ဆိုင်ရာ

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လျှပ်စစ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်းက ခပေါင်းရေအားလျှပ်စစ် စီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ရေအားလျှပ်စစ်ဦးစီးဌာနမှ ဆောင်ရွက်ရမည့်လုပ်ငန်းများ ဖြစ်သည့် ရေယူအဆောက်အအုံ၊ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ပြည်တွင်းပြည်ပ သတင်းစာဆရာများသည် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မရေလှောင်တမံကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်း

အဆိုပါ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး စီမံကိန်းမှ ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော် ဓာတ်အားကွန်ရက်မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးရန်၊ စစ်တောင်းမြစ်ဝှမ်းလွင်ပြင်၏ ရေလွှမ်းမိုးမှုကိုကာကွယ်ရန်၊ စစ်တောင်းမြစ်ဝှမ်း၊ တောင်ငူ၊ အုတ်တွင်းဒေသများအတွင်းရှိ လယ်မြေများသို့ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေပေးဝေရန်ဟူသော ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်နေသော ရေလှောင်တမံဘက်စုံစီမံကိန်းဖြစ်ပြီး စီမံကိန်းလုပ်ငန်းများပြီးစီးပါက စိုက်ပျိုးမြေဧက ၁၀၀၀၀၀ အား ဆည်ရေပေးဝေနိုင်မည့်အပြင် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်နိုင်မည်ဟု သိရှိရသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သံတမန်အဖွဲ့နာယကနှင့် သံတမန်အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များသည် ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြပြီး ပဲခူးတိုင်း ရေတာရှည်မြို့နယ် ရန်ကုန်–မန္တလေးကားလမ်းရှိ ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီရွာဆွာလယ်ယာမြေရှိ ဦးမောင်ကြည်၏ မနောသုခနှင့် ဆင်းသွယ်လတ် နွေစပါးစိုက်ခင်းသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလွင်က ပဲခူးတိုင်းအတွင်း စပါးစိုက်ပျိုးရန် လျာထားဧက ၂၉၀၀၀၀ ဖြစ်သော်လည်း ဧကသိန်း ၃၀ ကျော် စိုက်ပျိုးနိုင်ခဲ့ရာ လျာထားချက်၏ ၁၀၉ ရာခိုင်နှုန်းစိုက်ပျိုးခဲ့ပြီး တစ်ဧက

အထွက်နှုန်း ၈၂တင်း ထွက်ရှိမည်ဟု စနစ်တကျ တွက်ချက်ထားရှိသည့် အခြေအနေ၊ ၁၉၈၈ခုနှစ်အထိ နွေစပါး မစိုက်ပျိုး နိုင်ခဲ့သော်လည်း နိုင်ငံတော်၏ လယ်ယာကဏ္ဍအပေါ် အလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကြောင့် နွေစပါးဧကသုံးသိန်းကျော်နှင့် မိုးစပါးဧက သိန်း ၃၀အထိ တိုးမြှင့် စိုက်ပျိုးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စိုက်ဧကတိုးမြှင့်

ထို့နောက် ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များက သိလိုသည်များကို မေးမြန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်လည်ဖြေကြားရာတွင် ပဲခူးတိုင်းကို သုံးနှစ်အတွင်း စပါးစိုက်ဧက ခြောက်သိန်းတိုးရန် တာဝန်ပေးအပ်ထားရာ ယခုအခါ လေးသိန်းအထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဤကဲ့သို့ စိုက်ဧက တိုးမြှင့်ရာတွင် ပဲခူးတိုင်းအတွင်းရှိ ရေကြီးကွင်းများကို နိုင်ငံတော်၏အစီအစဉ်ဖြင့် တာပတ်ပေးပြီး ရေမဝင်တော့သောနေရာများကို လယ်မြေဧကသစ်များ ဖော်ထုတ်ခြင်း၊ ရေအမြဲဝင်နေသော ရေနက်ကွင်းများ၌လည်း လယ်မြေဖော်ထုတ်ခြင်း၊ မြေလွတ် မြေရိုင်းများကို လယ်မြေဖော်ထုတ်တိုးချဲ့ခြင်းတို့ဖြင့် စိုက်ဧကတိုးမြှင့်လျက်ရှိကြောင်း။

အထွက်နှုန်းတိုးတက်လာ

ထို့အပြင် သမားရိုးကျ စိုက်နည်းစနစ်များကို ခေတ်မီစိုက်နည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးခြင်း၊ အထွက်နှုန်းကောင်းသောစပါးမျိုးကို ပြောင်းလဲစိုက်ပျိုးခြင်း၊ လိုအပ်သော သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အသုံးပြုစိုက်ပျိုးခြင်းတို့ကိုလည်း ကျင့်သုံးလုပ်ကိုင်လျက်ရှိကြောင်း၊ ထို့ကြောင့် စပါးအထွက်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလွင်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တောင်သူလယ်သမား ဦးဝင်းမြင့်တို့က နိုင်ငံတော်က တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းအတွက် လိုအပ်သော သွင်းအားစုများအပါအဝင် ကူညီပံ့ပိုးဆောင်ရွက်ပေးမှုကြောင့် စပါးအထွက်နှုန်း ကောင်းမွန်လာကာ ဒေသတောင်သူလယ်သမားများ၏ လူနေမှုဘဝမြင့်မားလာမှု၊ ယခင်က သမားရိုးကျလုပ်ကိုင်ရာမှ ယခုအခါ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲဆောင်ရွက်နေမှု၊ တစ်နှစ်လျှင် နွေစပါးနှင့် မိုးစပါး အဆက်မပြတ် စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်၍ စားဝတ်နေမှု ဖူလုံပြည့်စုံလာသည့်အပြင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုလည်း ပိုမိုတိုးတက်လာကာ ကျေးရွာများတွင် ခေတ်မီ လျှပ်စစ်ပစ္စည်းများ၊ တီဗွီ၊ ဂြိုဟ်တုစလောင်းများ တပ်ဆင်အသုံးပြုလာနိုင်သည့် အခြေအနေသို့ တိုးတက်ရောက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်က စီမံဖြည့်ဆည်းဆောင်ရွက်ပေးသော အထွက်ကောင်း စပါးမျိုးများကို တစိုက်မတ်မတ် အားသွန်ခွန်စိုက် စိုက်ပျိုးလုပ်ကိုင်သွားကြမည် ဖြစ်ကြောင်းဖြင့် ဖြေကြားကြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တောင်ငူမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်း အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်လေ့လာကြသော သံတမန်အဖွဲ့နာယကနှင့် သံရုံးယာယီ တာဝန်ခံ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မရေလှောင်တမံကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ရှင်းလင်းဖြေကြား

ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်တွင် ရှင်းလင်း ဖြေကြားစဉ်။

(သတင်းစဉ်)

၁၂ဒသမ၅ မဂ္ဂါဝပ် စက်နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၅ ထုတ်လုပ်နိုင်မည့် ရဲနွယ်ရေအားလျှပ်စစ်စက်ရုံအား တွေ့ရစဉ်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်ကြောင့်ရေဘေးသင့် ကြံခင်းမြို့နယ်ပြည်သူများအား အဝတ်အထည်၊ စားအုန်းဆီနှင့် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၁၃ရက် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် မဲဇလီကုန်းကျေးရွာ ဗိုလ်အောင်ကျော်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ခန်းမတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက်ရှင်းလင်းဆောင်၌ ခန်းမဆောင်ဆောက်လုပ်ရေးတာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် အင်္ဂပူမြို့နယ် ရေကျော်ကျေးရွာ တည်ငချောင်းကူး ရေကျော်တံတား ရေတိုက်စား ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးယာယီတံတားထိုးရန်၊ မိုးကုန်သည်နှင့် တံတားပြန်လည်တည်ဆောက်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ရေကျော်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ အခမဲ့ကျောင်းအပ်နှံနိုင်စေရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံကြီး အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးက လိုက်လံရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့ မြို့မအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်တိုးချဲ့ပြင်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကျောင်းဆောင် ဆောက်လုပ်ရေးကော်မတီဝင်များက ရှင်းလင်းတင်ပြကြသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၁၄ရက် နံနက်ပိုင်းတွင် ကြံခင်းမြို့ အမှတ်(၁၀၅)သစ်စက်သို့ သွားရောက်ပြီး စက်ရုံအတွင်း သစ်ခွဲစိတ် လည်ပတ်မှုအဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ကြံခင်းမြို့နယ် ရှောက်ခုံစံပြကျေးရွာ၌ ကျင်းပသည့် ကြံခင်းမြို့နယ်အတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ရေဘေးသင့် ပြည်သူများအား ပံ့ပိုးလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ဟသ်ာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာသိန်းစိုးနှင့် ကြံခင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးခင်ဇော်တို့က ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက အလှူငွေကျပ်သိန်း ၅၀၊ အဝတ်အထည် ၃၀၀ နှင့် စားအုန်းဆီ ပိဿာ ၁၁၀၀ တို့ကို ပေးအပ်လှူဒါန်းပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ၂၀၀၆-၂၀၀၇ခုနှစ်တွင် ကြံခင်းမြို့နယ်အတွင်း ကျွန်းစိုက်ခင်း ဧက ၁၅၀ တည်ထောင်ရန် မြေပြုပြင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ကျွန်းစိုက်မည့်နေရာများကို နှစ်စဉ် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးသွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အင်္ဂပူမြို့နယ်၂၀၀၅-၂၀၀၆ခုနှစ်သုတေသနစံပြကျွန်းစိုက်ခင်း နှစ်ဧကဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးနှင့် အဖွဲ့သည် အင်္ဂပူမြို့ အမှတ်(၃၁) သစ်စက်နန်ကသူသို့ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်နှင့် သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးစောရိန်ဂျယ်လွင်က စက်ရုံနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆုအတွက် ပြိုင်ပွဲဝင်စာမူများခေါ်ယူ

ရန်ကုန် မေ ၁၅

ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကား ပြန့်ပွားစေရန်ရည်ရွယ်၍ ဆရာတော် ဦးသာသန (ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ) တည်ထောင်သော "ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင် စာပေဆု"များကို ချီးမြှင့်လျက်ရှိရာ စိတ်ပါ ဝင်စားသူ ရဟန်းရှင်လူများ ပါဝင် ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားသည်။

ဓမ္မာစရိယနှင့် ပါဠိပထမပြန် ပထမဆုများကို ၂၀၀၆-၂၀၀၇ ခုနှစ် စာမေးပွဲများမှအထူးအောင် ရဟန်း၊ သာမဏေ၊သီလရှင် ပထမဆုရသူများအားလည်းကောင်း၊ ပုံနှိပ်ပြီး ဓမ္မစာပေဆုကို ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသည့် ဓမ္မစာပေစာအုပ်များထဲမှ ရွေးချယ်၍လည်းကောင်း ချီးမြှင့်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဓမ္မဗိမာန်သို့လိပ်မူ၍ စာအုပ်နှစ်အုပ် ပို့ပေးရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စာမူများကို၃၀-၉-၂၀၀၇ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်ပုံစံများကို ဓမ္မဗိမာန် အမှတ်၆၀၆ ဒုတိယထပ် ၅လမ်းနှင့် ၆လမ်းကြား ကမ်းနားလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၁၃၅၉သို့ အခမဲ့လာရောက် ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော် ကြီး ဖြစ်မြောက်ရေး ကော်မတီ ရုံးခန်းတွင် တိုက် ၂ အခန်း ၂ စိန်ပန်းမြိုင် အရာရှိ ရိပ်သာ MEPE ကမ္ဘာအေးဘုရားလမ်း မ ရမ်း ကုန်း မြို့ နယ်နေ မိခင်ကြီး ဒေါ်ကြည်သန်းအား အမှူးထား၍ သားသမီး မြေးမြစ်တစ်စုက အလှူငွေကျပ် ၁၀၀၀၀၀၀ကို ကျောင်းဖြစ်မြောက်ရေးကော်မတီ ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အန္တရာယ်လည်းကင်း ပတ်ဝန်းကျင်လည်း သန့်ရှင်းမည်

ဩဂဲနစ်ဟု ခေါ်သည့် ဓာတုဗေဒပစ္စည်းမပါဝင်သော စားသုံးသီးနှံများသည် ဈေးကွက်များတွင် ရောင်းဝယ်မှု ခေတ်စားလာသည်။ အဆိုပါသီးနှံများကို စားသုံးသူများလာပြီး အဝယ်လိုက်နေသည်။ သို့ရာတွင် တိုးတက်လျက်ရှိသော ကမ္ဘာ့လူဦးရေကို အာဟာရဓာတ်ပြည့်ဝစွာ ကျွေးမွေးနိုင်ရန်အတွက် သီးနှံထုတ်လုပ်မှုလုပ်ငန်းများတွင် ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများမှာ မဖြစ်မနေအသုံးပြုနေကြဦးမည်သာဖြစ်သည်။ ဩဂဲနစ်ဓာတ်သဘာဝပစ္စည်းများဖြင့်သာ လူသားအားလုံးအတွက် စားနပ်ရိက္ခာဖူလုံမှုကို ဖြည့်ဆည်းပေးနိုင်ရေးမှာလည်း အချိန်အတော်ကြာယူ၍ သုတေသနပြုလုပ်စမ်းသပ်ပြီး နည်းပညာများ ရှာကြံရန်လိုအပ်မည်ဖြစ်သည်။

မြန်မာတို့သည် ရှေးအစဉ်အဆက်မှစ၍ ယခုတိုင် သဘာဝမြေဆွေး၊ တိရစ္ဆာန်၏ အညစ်အကြေး၊ အပင်ထွက် ပိုးသတ်ဆေးများဖြင့် သီးနှံစိုက်ပျိုး ထုတ်လုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး အသုံးပြုမှုသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာနည်းပါးသည်။

> ဥပဒေနှင့် ညီညွတ်ကြောင်း စိစစ် အတည်ပြုပြီးသော ပိုးသတ် ဆေးကိုပင် ဆေးညွှန်းတွင် ဖော်ပြထားသည့် အတိုင်း ရောစပ်အသုံးပြုခြင်း၊ ဆေးဖျန်း ပြီး သတ်မှတ်ရက် ကာလအတိုင်း ဈေးကွက်သို့ တင်ပို့ ရောင်းချခြင်းဖြင့် ထုတ်လုပ်သူနှင့် စားသုံးသူ နှစ်ဦးနှစ်ဝ အကျိုးပြည့်ဝနိုင်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး (FAO)၏ စာရင်းဇယားများအရ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၁၉၉၃ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း ဓာတ်မြေဩဇာအသုံးပြုမှုသည် နှစ်စဉ် ၁ဒသမ ၆ရာခိုင်နှုန်းခန့် တိုးတက်နေပြီး အာရှနှင့် ပစိဖိတ်ဒေသတွင် ၃ဒသမ ၁ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စိုက်ခင်းတစ်ဟက်တာလျှင် အာဟာရဓာတ်မြေဩဇာ အသုံးပြုမှုသည် ၉၂ကီလိုဂရမ်ခန့်ရှိပြီး အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများ၏ အသုံးပြုမှုမှာ တစ်ဟက်တာလျှင် ၁၂၃ကီလိုဂရမ်ရှိကြောင်း။

မြန်မာနိုင်ငံ၌ တစ်ဟက်တာလျှင် ၁၂ဒသမ ၅ကီလိုဂရမ်ခန့်သာရှိကြောင်း။ ဓာတ်မြေဩဇာကို သီးနှံအမျိုးအစားနှင့် မြေဆီလွှာ ထက်သန်မှုအလိုက် အသုံးပြုရမည့် အညွှန်းအတိုင်းသုံးပါက အကျိုးအမြတ် ပိုမိုဖြစ်ထွန်းကြောင်း၊ ဓာတ်မြေဩဇာများကို သုံးသင့်သလို အသုံးမပြုဘဲ အလွန်အကျွံအသုံးပြုခြင်းသည် အပင်ကိုပင် ထိခိုက်ပြီး စိုက်ပျိုးစရိတ်လည်း မြင့်မားစေမည်ဖြစ်ကြောင်း သိရှိရသည်။

ယူရီးယားကဲ့သို့သော ဓာတ်မြေဩဇာများသည် အပင်အား တိုက်ရိုက်ထိပါက လောင်ကျွမ်းမှုရှိသဖြင့် မြက်ခင်းများကိုပင် ယူရီးယား ဓာတ်မြေဩဇာ ကျွေးပြီးပါက ရေဖြင့်ထပ်မံ၍ လောင်းပေးရသည်။ အပင်ရှိ သီးနှံများ၊ ဆွတ်ခူးပြီး သီးနှံများအား ဓာတ်မြေဩဇာရေဖြင့် တစ်ရက်မျှ ပက်ဖျန်းရုံဖြင့် နှစ်ဆတိုး ကြီးထွားလာမှုလည်း မရှိပါ။ ထို့အတွက် စိုက်ခင်းပိုင်ရှင်နှင့် ရောင်းဝယ်သူတို့အနေဖြင့် ယူရီးယား ဓာတ်မြေဩဇာကို ပက်ဖျန်းခြင်းနှင့် ဓာတ်မြေဩဇာရေဖြင့် ဆွတ်ထားသော အဝတ်ဖြင့် ထုပ်ထားခြင်းတို့ မပြုလုပ်ကြပါ။

ဓာတုဗေဒ ပိုးသတ်ဆေးများကို အပင်အခြေအနေအရ လိုအပ်သည့်အချိန်တွင် လိုအပ်သည့် အတိုင်းအဆနှင့် အသုံးပြုခြင်းဖြင့် ပိုးမွှားရောဂါဒဏ် ကာကွယ်မှုပေးပြီး သီးနှံအထွက်နှုန်းကောင်းလာမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးသူများအတွက်လည်း စီးပွားရေး တွက်ခြေကိုက်စေသည့်အပြင် သဘာဝပတ်ဝန်းကျင် သန့်ရှင်းပြီး စားသုံးသူများအား ဘေးဥပဒ်ကင်းစေနိုင်သည်။ ယခုအခါ ကမ္ဘာ့ဈေးကွက်တွင် လူသားများနှင့် သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်မဖြစ်စေသော ဓာတုဗေဒနှင့် သဘာဝပိုးသတ်ဆေးများကိုသာ ထုတ်လုပ်သုံးစွဲလာနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထားပြီးဖြစ်သည်။ တရားဝင် ရောင်းဝယ်ထုတ်လုပ်သူများသည် ဥပဒေပါ အချက်အလက်များနှင့် ကိုက်ညီရန် လိုအပ်သည့်အလျောက် ပြည်တွင်းဈေးကွက်တွင် တင်သွင်းရောင်းချသည့် ပိုးသတ်ဆေးများသည် ဆေးအမည်မှအစ ပါဝင်သည့်ပစ္စည်း၊ အသုံးပြုရမည့် အညွှန်းတို့ကို မြန်မာဘာသာဖြင့် ဖော်ပြရောင်းချကြရသည်။ ထို့ပြင် ဝယ်ယူအသုံးပြုသူများကလည်း ပိုးသတ်ဆေးဥပဒေနှင့် ညီညွတ်စွာ ထုတ်လုပ်သော ပိုးသတ်ဆေးများကို ရွေးချယ်အသုံးပြုသင့်သည်။ တခြားဘာသာစကားဖြင့် ထုတ်လုပ်သော ပိုးသတ်ဆေးများသည် တရားဝင်တင်သွင်းသည့် စိစစ်ပြီးပစ္စည်း မဟုတ်ကြသဖြင့် ဆေးအာနိသင်နှင့် အတုအစစ်အာမခံချက်ရှိမည် မဟုတ်ရာ သတိပြုသုံးစွဲရန် လိုအပ်သည်။

ကိုရဲ (စိုက်ပျိုးရေး)

ဥပဒေနှင့်ညီညွတ်ကြောင်း စိစစ်အတည်ပြုပြီးသော ပိုးသတ်ဆေးကိုပင် ဆေးညွှန်းတွင် ဖော်ပြထားသည့်အတိုင်း ရောစပ်အသုံးပြုခြင်း၊ ဆေးဖျန်းပြီး သတ်မှတ်ရက်ကာလအတိုင်း ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြင့် ထုတ်လုပ်သူနှင့်စားသုံးသူ နှစ်ဦးနှစ်ဝ အကျိုးပြည့်ဝနိုင်ကြသည်။

မြန်မာနိုင်ငံတွင် ပိုးသတ်ဆေးဥပဒေကဲ့သို့ပင် ဓာတ်မြေဩဇာ ဥပဒေလည်း ရှိလာတော့မည်။ ဥပဒေများ ထုတ်ပြန်မှုသည် လူသားနှင့် သက်ရှိများအတွက် အန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် သတ်မှတ်ပြဋ္ဌာန်းရခြင်းဖြစ်၏။ WHOနှင့် FAO ကဲ့သို့ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကလည်း ပိုးသတ်ဆေးများ ထုတ်လုပ်ဖြန့်ဖြူးရာတွင် ကြီးကြပ်စစ်ဆေးကာ အောက်ပါအတိုင်း အဆင့်များခွဲခြား သတ်မှတ်ထားကြသည်–

(၁) အထွေထွေသုံးနိုင်သည့် အန္တရာယ်နည်းပါးသည့်ဆေးများ၊
(၂) အာနိသင်ပြင်းသော်လည်း ကျွမ်းကျင်ပညာရှင်များ၏ ထောက်ခံချက်ဖြင့် ကန့်သတ်အသုံးပြုရသည့်ဆေးများ၊
(၃) ဖြန့်ဖြူးမှုမပြုရသည့်ဆေးများ၊
(၄) လုံးဝမသုံးရသည့် ဆေးများ

ဟူ၍ ဖြစ်ပါသည်။

တစ်ချိန်က လူသိများခဲ့သည့် ဒီဒီတီ၊ အင်ဒရင်း၊ မာလာသီယွန်၊ အော်ဒရင်းဆိုသည့် ဆေးများသည် ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်ပြင်းထန်၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လုံးဝအသုံးမပြုရန် ပိတ်ပင်ထားသည်။ ထို့ကြောင့် ထုတ်လုပ်မှု မရှိတော့သဖြင့် ဈေးကွက်တွင် ဝယ်၍မရနိုင်တော့ပါ။ မြန်မာနိုင်ငံသို့လည်း အဆိုပါ ပိုးသတ်ဆေးများကို တင်သွင်းခွင့် မပြုတော့သဖြင့် ဝယ်၍ရနိုင်သည်ဆိုလျှင်လည်း အစစ်အမှန် မဟုတ်နိုင်ပါ။ ဤသည်ကို သုံးစွဲသူများ သိရှိရန်လိုသည်။

ယခုအခါ အသုံးပြုနေကြသော ပိုးသတ်ဆေးများသည် လူသားများအတွက် အန္တရာယ်နည်းပါး စိတ်ချရသော ဆေးများသာဖြစ်သည်။ အထူးသဖြင့် လူ၊ တိရစ္ဆာန်တို့အတွက် လုံခြုံစိတ်ချရမှုကို ပိုမိုဦးစားပေး ထုတ်လုပ်ရောင်းဝယ်လာကြပါသည်။ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့်လည်း ပိုးသတ်ဆေးများ အသုံးပြုရာတွင် ကုန်ကျစရိတ်နှင့် ဝင်ငွေ အချိုးကို ချိန်ဆ၍ သုံးသင့်သည့်အခါမှ သုံးလာကြသည်။

တစ်ဖက်တွင်လည်း စားသုံးသူများအတွက် ပိုးသတ်ဆေးအန္တရာယ်ကင်းစေရန် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မျိုးစေ့ရောင်းချမှုများ၊ သီးနှံရောင်းဝယ်သူများစသည်ဖြင့် အသင်းအဖွဲ့များမှာ ဈေးကွက်စီးပွားရေးနှင့်အညီ ဖွဲ့စည်းပေါ်ပေါက်လာပြီး ကြီးကြပ်ဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

စိုက်ပျိုးထုတ်လုပ်သူများသည် ပိုးသတ်ဆေးများအား စနစ်တကျ သုံးစွဲနေကြပြီ ဖြစ်သည်။ ပိုးသတ်ဆေးဆိုင်များတွင်လည်း အန္တရာယ်နည်းပါး စိတ်ချရသော ဆေးများကိုသာ ရောင်းဝယ်နေပါသည်။ ထို့ကြောင့် စားသုံးသူများအတွက် အန္တရာယ်ရှိနိုင်သည့်ဘေးမှ ကင်းဝေးနေပြီဖြစ်သည်။ အကယ်၍ အပျော့စားပိုးသတ်ဆေးများ သုံးထားလျှင်လည်း ရေတစ်ကြိမ်နှစ်ကြိမ် ဆေးရုံမျှနှင့်ပင် အန္တရာယ်ကင်းဝေးနိုင်မည် ဖြစ်သည်။

ဓာတုပစ္စည်းများ အသုံးပြုရာတွင် ညွှန်ကြားထားသည့်အတိုင်း တိကျစွာလိုက်နာ ကျင့်သုံးခြင်းဖြင့် ဆိုးကျိုးများ မဖြစ်ပေါ်နိုင်ပေ။ ဩဂဲနစ်စိုက်ပျိုးထုတ်လုပ်မှုသည်လည်း ယခုအခါ ကမ္ဘာတစ်ဝန်းကျယ်ပြန့်လာသည်။ ဈေးကွက်ရှိလာသည်။ စားသုံးသူ အန္တရာယ်ကင်းလာသည်။ ကိုယ်တိုင်တစ်ပိုင်တစ်နိုင် စိုက်ပျိုး၍ ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို စိုက်ပျိုးစားသုံးလာကြသူတွေ များလာကြသည်။ စိုက်ပါ၊ စားပါ၊ အရသာတူတာမရှိ မြတ်ပီတိဟု စားသုံးသူတွေ အများစု သိလာကြသည်။

ယနေ့ ကမ္ဘာတွင် သီးနှံများကို စီးပွားဖြစ် တွင်ကျယ်စွာစိုက်ပျိုးရာ၌ ဘက်စုံသီးနှံ ပိုးမွှားရောဂါကာကွယ်ရေး (Integrated Pest Management)ကဲ့သို့ နည်းပညာများအသုံးပြု စိုက်ပျိုးလာကြသည့်အတွက် ပိုးသတ်ဆေးတစ်ခုတည်းအပေါ် မှီခိုမှုမရှိတော့ပါ။ စားသုံးသူများသည် မိသားစုစားသုံးမှုအတွက် မြို့ပြများမှာပင် အိမ်ခြံဥယျာဉ် (Home Garden)များ တည်ထောင်၍ သီးနှံစိုက်ပျိုး ထုတ်လုပ်လာကြသည်။ “အိမ်နောက်ဖေးဈေးဆိုင်တည်”ဟူသော မြန်မာတို့ ဆိုရိုးစကားအတိုင်း မိမိတို့ အိမ်ခြံမြေ၊ တိုက်ခန်းဝရန်တာတို့တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် ငွေကုန်သက်သာပြီး သန့်ရှင်းလတ်ဆတ်သော သစ်သီးဝလံ ဟင်းသီးဟင်းရွက်များ စားသုံးနိုင်မည့်အပြင် **အန္တရာယ်လည်းကင်း၊ ပတ်ဝန်းကျင်လည်း သန့်ရှင်းမည်**ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဓာတုဗေဒ ပိုးသတ်ဆေးများကို အပင်အခြေအနေအရ လိုအပ်သည့်အချိန်တွင် လိုအပ်သည့် အတိုင်းအဆနှင့် အသုံးပြုခြင်းဖြင့် ပိုးမွှားရောဂါဒဏ် ကာကွယ်မှုပေးပြီး သီးနှံအထွက်နှုန်း ကောင်းလာမည်။

စိုက်ပျိုးသူများအတွက်လည်း စီးပွားရေး တွက်ခြေကိုက်စေသည့်အပြင် သဘာဝပတ်ဝန်းကျင် သန့်ရှင်းပြီး စားသုံးသူများအား ဘေးဥပဒ်ကင်းစေနိုင်။

မိုးကြိုဂုန်လျှော်/ချည်ပေါင်လျှော်စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီအမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလ လယ်မှဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချည်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံ မြေဩဇာအဖြစ် တစ်ဧကလျှင်သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း၈၀နှင့် အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချည်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်း သုံးစွဲပါ။

၆။ အစိုဓာတ်အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ်သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ် ကျရောက်မည့်အန္တရာယ်ရှိပါက မှျားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၈။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ကျိုင်းတုံမြို့တွင် အခြေခံကွန်ပျူတာသင်တန်းဖွင့် ဘိုးဘွားရိပ်သာဆောက်ရန် ပန္နက်တင်မင်္ဂလာကျင်းပ

နေပြည်တော် မေ ၁၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)က ကြီးမှူး၍ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲကို မေ ၉ရက် နံနက် ၈နာရီခွဲက ကျိုင်းတုံမြို့ အစိုးရကွန်ပျူတာကောလိပ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတိုင်းမှူး၏ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်အရာရှိ ကြီးများ၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊အစိုးရကွန်ပျူတာကောလိပ်မှကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီးတို့သည် သင်တန်း နည်းပြဆရာ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီးနောက် ကွန်ပျူတာသင်တန်းခန်းမတွင် သင်တန်းသား၊ သင်တန်းသူများ ကွန်ပျူတာသင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။

တက်ရောက်

အဆိုပါအခြေခံကွန်ပျူတာသင်တန်းကို မေ ၉ရက်မှ ဇွန်၉ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၃ ဦးနှင့်လူမှုရေးအသင်းအဖွဲ့များနှင့်ဌာနဆိုင်ရာများမှ ၃၆ဦး၊ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၅၉ ဦးတက်ရောက်ကြကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းမှူးသည် ကျိုင်းတုံမြို့အမှတ်(၄) တိုးချဲ့ မြို့သစ်ရပ်ကွက်၌ ကျင်းပသည့် ဘိုးဘွားရိပ်သာအဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဘိုးဘွားရိပ်သာတည်ဆောက်ရေးတာဝန်ခံ ကျိုင်းတုံမြို့ ပါရမီဆောက်လုပ်ရေးလုပ်ငန်းရှင် ဦးနော်အောင်က ဘိုးဘွားရိပ်သာအဆောက်အအုံများ ဆောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင်တိုင်းမှူးက ပန္နက်တင်ပေးရန် အမွှေးနံ့သာများ ပက်ဖျန်းပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ဘိုးဘွားရိပ်သာအဆောက်အအုံများ ဆောက်လုပ်ရန် နေရာသတ်မှတ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အကုန်အကျခံဆောက်လုပ်သွားမည်

အဆိုပါ ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာအဆောက် အအုံကို မြေဧရိယာ ၃ ဒသမ ၈၄ဧကတွင် ဆောက်လုပ်သွားမည်ဖြစ်ပြီး အလျားပေ ၃၀၊ အနံ ၃၅ပေရှိ ဓမ္မာရုံတစ်လုံး၊ အလျား ၃၅ပေ၊ အနံပေ ၃၀ရှိ အုပ်ချုပ်မှုရုံးနှင့် ဆေးပေး ခန်းတစ်လုံး၊ အလျား ၅၄ပေ၊ အနံ၃၈ပေရှိ အဘိုး အိပ်ဆောင်တစ်လုံးနှင့် အဘွား အိပ်ဆောင်တစ်လုံး၊ အလျား ပေ ၅၀၊ အနံပေ ၂၀ရှိ ထမင်းစားဆောင် တစ်လုံးနှင့် အလျားပေ၂၀၊အနံပေ၂၀ရှိ မီးဖိုဆောင်တစ်လုံးတို့ဖြင့် ငွေကျပ်သိန်း၁၁၀၀ခန့်အကုန်အကျခံ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မြစ်ကြီးနားမြို့ ကိုယ်ပွားသတင်းစာတိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များရေရှည်တည်တံ့အောင်ဆောင်ရွက် စာဖတ်ပရိသတ်များ တိုးပွားအောင် နည်းလမ်းများရှာကြံ သိသင့်သိထိုက်သည်များ ပြည်သူများ အချိန်မီသိရှိရန် အရေးကြီး

ရန်ကုန် မေ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဖေ လိုက်ပါလျက် မေ၈ရက် နံနက်ပိုင်းက ကချင်ပြည်နယ်မြစ်ကြီးနားမြို့သို့ ရောက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့်နယ်မြေခံ တိုင်းစစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီး စိုးကျော်ဦး တို့လိုက်ပါလျက်ပြည်နယ်/ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၊ ကိုယ်ပွား သတင်းစာတိုက်၊ မြန်မာ့ရုပ်ရှင် လုပ်ငန်းစုရုံးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပြည်နယ် စာကြည့်တိုက်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ကွင်းဆင်းလေ့လာ

ဒုတိယဝန်ကြီးက မှာကြားရာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးဖြစ်၍ ရေရှည်တည်တံ့အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ကျေးရွာများတွင် စာဖတ်ပရိသတ်များတိုးပွားလာအောင် နည်းးလမ်းများ ရှာကြံဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့သည် ပြည်သူ လူထုအား သိသင့်သိထိုက်သည်များ၊ ရှောင်ရန်ဆောင်ရန် ကိစ္စရပ်များကို ပြည်သူများ အချိန်မီသိရှိအောင် ဆောင်ရွက်ပေးရန်အရေးကြီးကြောင်း၊ ကျေးရွာတိုင်း တီဗွီရှိရေး ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ကြည်လင်ပြတ်သားစွာ ဖမ်းယူရရှိနိုင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ကြောင့် သေချာစွာ ကွင်းဆင်းလေ့လာပြီး လိုအပ်ချက်များကို တင်ပြဆောင်ရွက်သွားကြရန် လိုကြောင်း၊ သတင်းစာကို လည်း ပြည်သူများ နေ့ချင်းဖတ်ရှုနိုင်ရန် ဆောင်ရွက်ထားပြီးဖြစ်၍ အမှန်တကယ် ရောက်မရောက် စိစစ်ကြပ်မတ်သွားရန် လိုကြောင်း၊ ကျေးရွာတိုင်း သတင်းစာရောက်ရန်လိုကြောင်း၊ အခက်အခဲများရှိပါက ဒေသအာဏာပိုင်များထံ တင်ပြပြီး ဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့သည် ပြည်သူများအားထားယုံကြည်လာအောင် ဆောင်ရွက်သွား ကြစေလိုကြောင်း၊ သို့မှသာ မိမိတို့၏ လုပ်ငန်းများတွင် ပြည်သူများ၏အားပေးကူညီမှုရရှိပြီး အောင်မြင်လာမည်ဖြစ်ကြောင်း စသည်ဖြင့်ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းခြောက်သွေ့သော နွေရာသီကာလ နေ့လယ်ပိုင်းတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့်ဓာတ်ဆီ လဲလှယ်ထည့်စဉ် ပွတ်တိုက်မှုနှင့် သဘာဝတည်ငြိမ် လျှပ်စစ်ဖြစ်ပေါ်မှုကြောင့် မီးလောင်မှု ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန် ဓာတ်ဆီ ထည့်ခြင်းမှ သတိပြုရှောင်ကြဉ်ကြပါရန် မီးသတ်ဦးစီးဌာနက နှိုးဆော်ထားသည်။

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကဝမြို့နယ် အုန်းနဲကျေးရွာအနီး သဘာဝဓာတ်ငွေ့ ဖိအားမြှင့် စက်ရုံ တည်ဆောက်ရေး လုပ်ငန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

မြန်အောင်မြို့ လေဘေးသင့် ပြည်သူများအား အလှူငွေများပေးအပ် ကျေးလက်မီးလင်းရေးစပါးခွံမီးစက်တပ်ဆင်ရန်ထောက်ပံ့

ရန်ကုန် မေ ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌွေးသည် ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှူးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူကြံခင်းမြို့နယ်ဘက်ရဲ ကျေးရွာနှင့် ရွှေပန်းတောကျေးရွာများရှိ ကျေးရွာသူ၊ ရွာသားများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆွေးနွေးမှာကြား

ဗဟိုအလုပ်အမှုဆောင်သည် မေ ၁၂ရက်တွင်မြန်အောင်မြို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းမှ ဝိုင်းဝန်း ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် မြန်အောင်မြို့ အမှတ်(၁) ရပ်ကွက်ရှိ လေဘေးသင့် နေအိမ်အမိုးများ လေလွင့်ပျက်စီးခဲ့သော ဒေသခံပြည်သူများအား တွေ့ဆုံ၍ အလှူငွေများပေးအပ်သည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ကြံခင်းမြို့နယ်အတွင်းရှိ အလယ်ရွာနှင့် ရှောက်ခုံကျေးရွာများသို့သွားရောက်၍ ကျေးရွာသူ၊ ရွာသားများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ရေး ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသော အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၁၇)သင်တန်းဆင်းပွဲသို့ တက်ရောက်သည်။

ဆုများပေးအပ်

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်း၌ ထူးချွန်သူများအား ဆုများပေးအပ်သည်။ ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာသော စေတနာရှင် ပြည်သူများက အသင်း၏ လုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် ၁၄သိန်း တန်ဖိုးရှိ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်သည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ရွှေတောင်မြို့နယ်အသင်းရုံးသို့ သွားရောက်၍ အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံပြီး အသင်း၏ စည်းရုံးရေးဆိုင်ရာ လုပ်ငန်းများ၊ ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။ ကျေးလက်မီးလင်းရေးအတွက် စပါးခွံမီးစက် တပ်ဆင်ရန် ထောက်ပံ့ငွေများပေးအပ်သည်။ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် မေ၁၂ရက်တွင် မြန်အောင်ရေနံမြေသို့ ရောက်ရှိပြီး ထုတ်လုပ်ရေးဌာန၊ လျှပ်စစ်ဌာန အလုပ်ရုံ၊ ရေနံမြေ သံကန်တန်းများနှင့် ဝန်ထမ်း နေအိမ်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည်ရေနံမြေ စုပေါင်း ခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ရေနံအထွက်တိုးရေး၊ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် စိစစ်ချိုးခြံ၍ အလေအလွင့် ထိန်းသိမ်းရေးများကို ရှင်းလင်းဆွေးနွေးသည်။

အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ

ဒုတိယဝန်ကြီးသည် မေ၁၃ရက်တွင် မှော်ဘီမြို့နယ် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)တည်ဆောက်ရေးလုပ်ငန်းခွင်၌ မြေပြုပြင်မှု လုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်ဝစွာ လုပ်ငန်းများ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။

မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကဝမြို့နယ် အုန်းနဲ့ကျေးရွာအနီး တည်ဆောက်လျက်ရှိသော လက်မ ၂၀ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖိအားမြှင့်စက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးပြီဖြစ်၍ ပြည်ပမှ မှာယူထားသည့် ဖိအားမြှင့်စက်များရောက်ရှိသည်နှင့် အသင့်တပ်ဆင်ကာ ဓာတ်ငွေ့ဖိမြှင့်ပို့လွှတ်နိုင်ရေးမှာကြားသည်။ ထို့နောက် တည်ဆောက်ရေး လုပ်ငန်းများကိုလိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြယ်လင်းအောင်က စောဖွဲလေးကို အလဲထိုး ရန်ကြီးအောင်က ထွန်းထွန်းကို အနိုင်ယူ

သတင်းမြင်ကွင်း – ကိုထွေး၊ ဓာတ်ပုံလက်ရာ – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ကိုယ်အလေးချိန်အတန်းအလိုက် အကြိုဗိုလ်လုပွဲစဉ်များကို ယမန် နေ့ မွန်းလွဲ၂နာရီ က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ကိုယ်အလေးချိန် အတန်းအလိုက် အကြိုဗိုလ်လုပွဲစဉ်များအဖြစ် ဖယ်သာဝိတ်တန်း ၅၇ကီလို၌နှစ်ပွဲ၊ လိုက်ဝိတ်တန်း ၆၀ ကီလို၌ နှစ်ပွဲ၊ လိုက်ဝယ်လ်တာဝိတ်တန်း ၆၃ ဒသမ ၅ ကီလို၌ နှစ်ပွဲ၊ ဝယ်လ်တာဝိတ်တန်း၆၇ကီလို၌ နှစ်ပွဲ စုစုပေါင်းရှစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ကြသည်။

မျက်နှာပန်းမလှ

ပွဲစဉ်(၂၅) ဖယ်သာဝိတ်တန်း ၅၇ ကီလို အကြိုဗိုလ်လုပွဲစဉ်အဖြစ် ကျော်ဆန်း(KLN)နှင့် မိုက်ခဲ(ကျွဲမင်း) တို့ယှဉ်ပြိုင်ထိုးသတ်ရာ မိုက်ခဲ(ကျွဲမင်း)က စတုတ္ထအချီ၌ အနိုင်ရရှိသွားသည်။ ကွာတားဖိုင်နယ်၌ ပြိုင်ဘက် လူလေးအောင်(တောင်ကလေး) ဆေးမအောင်၍အကြိုဗိုလ်လုပွဲစဉ်သို့အလိုအလျောက် တက်ခွင့်ရခဲ့သော ကျော်ဆန်း(KLN) သည် စတုတ္ထအချီ၌ ဆက်မထိုးတော့ဘဲ အရှုံးပေးလိုက်၍ မျက်နှာပန်းမလှဖြစ်ခဲ့ရသည်။ မိုက်ခဲ(ကျွဲမင်း)က စောအုန်းမြင့် (မြွေဟောက်မင်း)ကို စတုတ္ထအချီ၌ အနိုင်ယူပြီး အကြိုဗိုလ်လုပွဲတက်လာခြင်းဖြစ်ရာ ယနေ့ပွဲ၌လည်း အသည်းကောင်းသည်ကို သက်သေပြနိုင်ခဲ့သည်။

လက်ဝှေ့ကျော်နှစ်ဦး ရင်ဆိုင်ယှဉ်ပြိုင်မထိုးရသေးမီမှာပင် ပရိသတ်များက ဆုငွေများ ချီးမြှင့်ခဲ့ကြသည်။ ကျော်ဆန်းက မိုက်ခဲထက် မဆိုစလောက်အရပ်မြင့်ပြီး အလုံးအထည်ပိုကောင်းသည်။ ကြိုးဝိုင်းဒိုင်က ထိုးဆိုသည်နှင့် ကျော်ဆန်းကလက်သီးကို ဝမ်းတူးတွဲလုံးထိုးပြီး မိုက်ခဲကို လှဲသိပ်ရန်ကြိုးစားသည်။ မိုက်ခဲက တိုက်ကျွဲဖြစ်၍ ခပ်ကြမ်းကြမ်းသတ်နပန်းပွဲဖြစ်လာသည်။ မိုက်ခဲက အသည်းကောင်းကောင်း လိုက်ထိုး၍ ပရိသတ် လက်ခုပ်သံမြိုင်နေသည်။

လက်သီးမထုတ်

ပထမအချီ၌ ကျော်ဆန်း သာသယောင်ရှိသော်လည်း ဒုတိယအချိန် မိုက်ခဲက 'မင်းဘာလဲ၊ ငါဘာလဲ' မျက်နှာပေးဖြင့်ကြည့်ပြီး အသည်းရဲသူနိုင်စတမ်း ခပ်ရမ်းရမ်း ဝင်တိုက်သည်။ ပရိသတ်က အကြိုက်တွေ့ပြီး လက်ခုပ်သြဘာပေးတော့ မိုက်ခဲက 'လာသူငယ်ချင်း ထိုးစမ်း'ဆိုသည့် အလား လက်ကိုဖွင့်ထားသည်။ ကျော်ဆန်းက ချက်ပိုင်ပြီအထင်နှင့် လက်သီးကို မထုတ်ဘဲ ခေါင်းဖြင့်ပြေးဆောင့်ရာ မိုက်ခဲပညာမခေ၍ ကျော်ဆန်း နဖူးသွေးစို့တာပဲ အဖတ်တင်သည်။

ကျော်ဆန်းက လှည့်ရိုက်ပတ်ထိုးနည်းဗျူဟာ အမျိုးမျိုးပြောင်း၍ တစ်စခန်းထရာ မိုက်ခဲထိသွားသည်။ မိုက်ခဲ အထိုးခံရပြီးမှ အသည်းကောင်းသူဖြစ်၍ လက်ကုန်တက်ကုန်ဖွင့်တော့သည်။ တတိယအချီ၌ ကျော်ဆန်း ကြမ်းပြင် ပေါ်ကျပြီး ပြန်အထ နဖူးက သွေးထွက်များ၍ ဆရာဝန်ပြရသည်။ ဆရာဝန်က ဆက်ထိုးခိုင်း၍ ပွဲဆက်ကြမ်းသည်။ ကျော်ဆန်း လဲအကျမှာ မိုက်ခဲ ဒူးဖြင့် ခံတိုက်ရာ ကျော်ဆန်း အမှတ်စဉ် အရေအတွက် ခံရသည်။ သူတစ်ချက်ကိုယ် တစ်ချက်ထိတာ ချင်းအတူတူ မိုက်ခဲ လက်သီးက ပိုပြင်း၍ ကျော်ဆန်း ဒုတိယအကြိမ် အမှတ်စဉ်ရေတွက်ခြင်း ခံရသည်။

လူရင်းချင်းဆုံ

တတိယအချီပြီးသွား၍ စတုတ္ထအချီအတွက် အကူလူများက ရေကိုင်ပြုစုသော်လည်း ကျော်ဆန်းက ဆက်လက်မယှဉ်ပြိုင်နိုင်တော့၍ မိုက်ခဲ (ကျွဲမင်း) ဗိုလ်လုပွဲသို့ ခံ့ခံ့ညားညား တက်လှမ်းသွားသည်။ ဗိုလ်လုပွဲစဉ်၌ မိုက်ခဲ(ကျွဲမင်း)နှင့် ဒေါနပန်း(ကျွဲမင်း) တို့ လူရင်းအချင်းချင်း ဆုံကြရပြီဖြစ်သည်။

ပွဲစဉ်(၂၆) ဖယ်သာဝိတ်တန်း ၅၇ ကီလို အကြိုဗိုလ်လုပွဲစဉ်အဖြစ် ဒေါနပန်း(ကျွဲမင်း)နှင့် ဘိလပ်မြေမောင်မောင်(ဘိလပ်မြေစက်ရုံ)တို့ယှဉ်ပြိုင်ထိုးသတ်ရာ ဒေါနပန်း(ကျွဲမင်း)က တတိယအချီ ၂မိနစ်၄၆စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိသည်။ ကျွဲမင်းကလပ်မှ ဒေါနပန်းအသည်းကြမ်းလှ၍သာ ဘိလပ်မြေမောင်မောင်ကို အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ရှုံ့မောင်မောင်မဟုတ်

ဒေါနပန်းက အရပ်မြင့်သူဖြစ်၍ လွတ်ဟော့ဆိုသည်နှင့် ခြေကန်ချက်နှင့် ပွဲထွက်လာသည်။ ပြိုင်ဖက်ကို ဆွဲချုပ်ပြီး ဒူးတိုက်သည်။ ဘယ်ညာတွဲထိုး၊ တံထောင်ရိုက် ဒေါနပန်း ဦးဆောင်တိုက်သည်။ ဘိလပ်မြေမောင်မောင်က ချုပ်အား၊ ကိုင်အားကောင်းပြီး ခေါင်းဖြင့်ဝှေ့တိုက်ရာ ဒေါနပန်း နဖူးသွေးစို့သွားသည်။ ဒေါနပန်းက လက်ဝှေ့ပညာ ပြည့်သူဖြစ်၍ အလဲအတား ဘယ်ညာ ဝိုက်လက်သီးတွဲ လွှတ်သည်။ ဘိလပ်မြေမောင်မောင်က ရှုံ့မောင်မောင်မဟုတ်၍ မာသည်၊ ထန်သည်၊ တုတ်ခိုင်မာကျောသည်။

ဘတစ်ပြန်ကျားတစ်ပြန် အမှားမခံသောပွဲဖြစ်၍ ကြည့်ကောင်းသည်။ ဒေါနပန်းက ဒေါသပန်းဖြစ်နေပြီး "ငါ့လူလာစမ်း"ဆိုသည့် မျက်နှာပေးဖြင့်ခေါ်ထိုးထိုးသည်။ ဒုတိယအချီအပြီးမှာ ဒေါနပန်းက မာန်အပြည့်ဖြင့် လက် ပန်းပေါက်ပင်ခတ်ပြပြီး သက်လုံကို ထုတ်ပြသွားသည်။

အနားယူ

တတိယအချီ၌ ဒေါနပန်းက ဒေါသတကြီးဖြင့် ကျားစီး ဖားစီး ဝင်ထိုးသည်။ ကန်သည်၊ တိုက် သည်၊ ခေါင်းဝှေ့သည်။ ဘိလပ်မြေမောင် မောင် မာလွန်း၍သာ ခံနိုင်သည်။ တော်ရုံတန်ရုံ လက်ဝှေ့သမားဆိုလျှင် အိပ်ချလိုက်မှာ သေချာသည်။ ဘိလပ်မြေမောင်မောင် ကွဲသွားရာ ဆရာဝန်က ဆက်ထိုးခွင့်ပြုသည်။ ဒေါနပန်းက ညာခြေ လွှဲပြီးကန်ရာ ဘိလပ်မြေမောင်မောင် နောက်လန်သွားသည်။ ကြမ်းပြင်ပေါ် မကျမီ ဒေါနပန်းက အပြေးအလွှားလိုက်ကန်ရာချက်ကောင်းထိပြီး ဘိလပ်မြေမောင်မောင် ကြမ်းပြင်ပေါ် အနားယူလိုက်ရသည်။

ပွဲစဉ်(၂၇) လိုက်ဝိတ်တန်း ကီလို ၆၀ အကြိုဗိုလ်လုပွဲစဉ်များ အဖြစ် စောလူမင်း (တောင်ကလေး)နှင့် စောသဲမျိုး(KLN)တို့ယှဉ်ပြိုင်ထိုးသတ်

ဝယ်လ်တာဝိတ်တန်း ၆၇ ကီလို၌ သူရရဲအောင် (မြန်မာပြည်သား) နှင့် တာတိုးဝါး (ဘိလပ်မြေစက်ရုံ)တို့ သူတစ်ပြန် ကိုယ်တစ်ပြန် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့သည်။ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ရာ စောလူမင်း (တောင်ကလေး)က ပထမအချီ၂မိနစ်၆စက္ကန့်၌ အလဲထိုးပြီး အနိုင်ရရှိသွားသည်။ ကွာတားဖိုင်နယ်၌ သမိန်ရာဇာ (မလှိုင်)ကို အလဲထိုး အနိုင်ယူခဲ့သော စောသဲမျိုး (KLN)က ဘိုင်ရထားသော စောလူမင်း (တောင်ကလေး)ကို ရှုံးနိမ့်သွားသည်မှာ ပရိသတ်များ မမျှော်လင့်သော အဖြေပင်ဖြစ်သည်။

ပွဲသိမ်းဒူး

စောသဲမျိုးက အလုံးအထည်သာပြီး ပုံပန်းသဏ္ဌာန်အရ လက်ဝှေ့သမားပီသသည်။ စောလူမင်းက လူကောင်သေးသော်လည်း အရပ်မဆိုစလောက်မြင့်သည်။ စောလူမင်း ကိုယ်လုံးကိုယ်ပေါက်က အကိုင်အပေါက် ဝါသနာထုံသောစောသဲမျိုး အကြိုက်ဖြစ်သော်လည်း စိတ်ကြိုက် မလုပ်နိုင်ခဲ့ချေ။ စောသဲမျိုး က သူ့ဟန်အတိုင်း ခေါင်းကိုဖမ်းချုပ်ပြီး ပွဲသိမ်းဒူးတိုက်ရန် ကြိုးစားသော်လည်း စောလူမင်းက လူချင်းအကပ်မခံ၍ လုပ်ချင်တိုင်းလုပ်၍ မရဘဲဖြစ်နေသည်။

စောသဲမျိုးက ဆိုးခနဲ ဆတ်ခနဲ ဖြိုးခနဲ ဖျက်ခနဲ ထိုးသော်လည်း စောလူမင်း၏ဒူးချက်က နံနကို မိမိရရထိသွားရာ ကြိုးတန်းအောက်၌ ဗုန်းခနဲကျသွားသည်။ သမ္ဘာရင့် ဝါရင့် စောသဲမျိုး ရေပင် မကူလိုက်ရဘဲ ပထမအချီမှာပင် ကြိုးဝိုင်းပေါ်မှ ဆင်းသွားရသည်။ စောလူမင်း (တောင်ကလေး)သည် ဗိုလ်လုပွဲ၌ ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း)နှင့် တွေ့မည်ဖြစ်ရာ ယခုကဲ့သို့ ပွဲသိမ်းနိုင်ရန် မလွယ်ချေ။

အလားအလာကောင်း

ပွဲစဉ်(၂၈) လိုက်ဝိတ်တန်း ၆၀ ကီလို အကြိုဗိုလ်လုပွဲစဉ်အဖြစ် ဟိန်းညီညီ(အလင်းရောင်)နှင့် ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရန် ဖြစ်သော်လည်း ဟိန်းညီညီ(အလင်းရောင်) ဆေးမအောင်၍ ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း) ဗိုလ်လုပွဲသို့အလိုအလျောက်တက်ရောက်သွားသည်။ ၂၀၀၀ပြည့်နှစ် ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း ရွှေခါးပတ်ချန်ပီယံဆု ဆွတ်ခူးရန် အလားအလာကောင်း လျက်ရှိသည်။ ဟိန်းညီညီက လူရင်းချင်းဖြစ်၍ ရင်မဆိုင်ဘဲ ရှောင်လိုက်ပုံရသည်။

ပွဲစဉ်(၂၉) လိုက်ဝယ်လ်တာဝိတ်တန်း ၆၃ ဒသမ ၅ကီလို အကြိုဗိုလ်လုပွဲစဉ်အဖြစ် နဂါးလေး (မြွေဟောက်မင်း)နှင့် စောဝီလျံသိန်း (မရမ်းကုန်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ နဂါးလေး(မြွေဟောက်မင်း)က အမှတ်ဖြင့် အနိုင်ရရှိသွားသည်။ ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်၍ အမှတ်ပေးစနစ်ဖြင့်ဆုံးဖြတ်ရာ ဒိုင်လူကြီးငါးဦးစလုံးက နဂါးလေး (မြွေဟောက်မင်း)ကိုအနိုင်ပေးလိုက် ခြင်းဖြစ်သည်။ နဂါးလေး (မြွေဟောက်မင်း)သည် ဗိုလ်လုပွဲ၌ ကြယ်လင်းအောင် (တောင်ကလေး)နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရေကုန်ရေခန်း

လုံးတူဒေါက်တူ လက်ဝှေ့ကျော် နှစ်ဦး ဆုံတွေ့ခြင်းဖြစ်ရာ ပြတ်ပြတ်သားသား မဖြတ်နိုင်ဘဲ ပွဲချီပြည့် ထိုးခဲ့ရသည်။ နဂါးလေးက လက်တံရှည်၍ ထောက်လက်သီးများ ထိုးရာ ပထမအချီမှာပင် စောဝီလျံသိန်း မျက်နှာဖူးရောင်လာသည်။ စောဝီလျံသိန်းက ခံနိုင်ရည်ကောင်းပြီး ရေကူလိုက်လျှင် ပြန်လန်းလာသူဖြစ်၍ ငါးချီပြည့်အထိ သိက္ခာရှိရှိ ထိုးနိုင်ခဲ့ခြင်းဖြစ်သည်။ စောဝီလျံသိန်းသည် ကွာတားဖိုင်နယ်၌ မိုက်တိုင်စန် (အလင်းရောင်)ကို အမှတ်ဖြင့်နိုင်ခဲ့သလို ယနေ့ပွဲတွင် အမှတ်ဖြင့် ရှုံးခဲ့သဖြင့် နှစ်ပွဲစလုံး အသည်းကောင်းကောင်း အချီပြည့် ရေကုန်ရေခန်း ထိုးသတ်နိုင်သည်ဟု ဆိုရပေမည်။

ပွဲစဉ်(၃၀) လိုက်ဝယ်လ်တာဝိတ်တန်း ၆၃ဒသမ၅ကီလို အကြိုဗိုလ်လုပွဲစဉ်အဖြစ် ကြယ်လင်းအောင် (တောင်ကလေး)နှင့် စောဖွဲလေး (KLN) တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ကြယ်လင်းအောင်(တောင်ကလေး)က စတုတ္ထအချီ ၁မိနစ်၅၈စက္ကန့်၌ အလဲထိုးအနိုင်ရရှိသည်။ ယခုပြိုင်ပွဲ၌ ယှဉ်ပြိုင်ခဲ့သောပွဲများအနက် ကြယ်လင်းအောင်နှင့် စောဖွဲလေးတို့ပွဲမှာ အကောင်းဆုံးပွဲတစ်ပွဲဟု ဆိုနိုင်သည်။ ပရိသတ်များ မျက်တောင်မခတ်တမ်း အသည်းတယားယား ရင်တဖိုဖို ကြည့်ခဲ့ရသည့် ရိုးရာလက်ဝှေ့ပွဲ ပီပြင်သော ပွဲဖြစ်သည်။

အပြိုင်အဆိုင် ခြေကန်ချက်များမှာ ကြောက်ခမန်းလိလိ အားအင်အပြည့်ရှိလှသည်။ ကြယ်လင်းအောင်က လူကောင်တုတ်ခိုင်သလောက် ထိမထင်သော မျက်နှာပေးဖြင့် ထိုးရာ ဂျပန်ပြန်စောဖွဲလေး ကြာကြာမခံ နိုင်ဘဲဖြစ်ရသည်။ ပထမအချီမှာပင် စောဖွဲလေးနှစ်ကြိမ် အမှတ်စဉ်ရေတွက်ခံရပြီး ကြယ်လင်းအောင်က တစ်ကြိမ် အမှတ်စဉ် ရေတွက်ခြင်းခံရသည်။ ဘေးလူများ သွေးဆူလောက်အောင် တက်လူများပီပီ ဆိုင်ကန်၊ ဆိုင်ရိုက်၊ ဆိုင်ထိုး ဝါးလုံးထိုးဆန်ဆန် မြန်လှသည်။

အသက်ရှူမှား

ကျောင်းတော်က ရန်စရှိသူများအလား ထင်ရလောက်အောင် ကျွဲခတ်သလို ခြေပြိုင်ခတ်သည်။ ရှင်းခနဲလင်းခနဲ မည်သူထိသည်၊ ဘယ်လောက်ပြင်းသည်ကို မျက်ဝါးထင်ထင် မြင်ရသည်။ အသက်ရှူမှားလောက်အောင် ကြယ်လင်းအောင်က ကိုင်ပေါက်ချက်များ သုံးသည်။ စောဖွဲလေးက လက်သီးပြင်းထိုးသည်။ ကြယ်လင်းအောင် လက်သီးချက်က ဝါးထိုးဝါးကြေ၊ ကျားထိုးကျားသေဆိုသလို ပြင်းချက်က လန်ထွက်နေသည်။ စတုတ္ထ အချီတွင် စောဖွဲလေး အောက်ပိုင်းပြိုပြီး ယိုင်လာရာမှ တတိယအကြိမ် အမှတ်စဉ် ရေတွက်ခြင်းခံရသည်။ ကြယ်လင်းအောင် အချိန်မဖြုန်းဘဲ စုံဝင်ထိုးရာ စောဖွဲလေး ကြမ်းပြင်နှင့် မိတ်ဖွဲ့လိုက်ရသည်။

ပွဲစဉ်(၃၁) ဝယ်လ်တာဝိတ်တန်း ၆၇ ကီလို အကြိုဗိုလ်လုပွဲစဉ် အဖြစ် ရန်ကြီးအောင် (အလင်းရောင်)နှင့် ထွန်းထွန်း (ဒေါနခြေလှမ်းသစ်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ရန်ကြီးအောင် (အလင်းရောင်)က ပဥ္စမအချီ ၂မိနစ် ၅၃ စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ လက်ရည် မကွာသော လက်ဝှေ့ကျော် နှစ်ဦးဖြစ်ပြီး ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း မထိုးကြ၍ သာမန်ပွဲသာ ဖြစ်ခဲ့သည်။ အရပ်မြင့်ပြီး အလုံးအထည် ပိန်ပိန်ပါးပါး ဖြစ်ကြ၍ ခြေကန်ချက်နှင့် လက်သီးကိုသာ အားပြုထိုးသည်။

ပါးပါးလေးပုတ်

အသွားအပြန် အမှားမခံသည်ကို ရိပ်စားမိကြ၍ ပထမအချီ၌ အလဲအတား အဆိုးအဆတ်လောက်သာ ပါးပါးလေးပုတ်ကြသည်။ ဒုတိယအချီ၌ သူလက်သီးကိုယ်ထိ၊ ကိုယ့်လက်သီး သူထိဖြစ်၍ သွေးဆူလာပြီး မတုံ့ဆိုင်းဘဲ ဝုန်းဒိုင်းကြဲ ထိုးသတ်ကြသည်။ ဖြောင်းခနဲ၊ ဖောင်းခနဲ အယိုင်ခတ်ရင်း ပြိုင်သတ်ကြရာ အပိုင်ထိလျှင် ငိုင်ဆင်းသွားနိုင်သည်။ စတုတ္ထအချီ၌ ထွန်းထွန်း မွန်ထူပြီး အတင်းလိုက်ထိုးရာ လက်သီး အားမပါ၍ ရန်ကြီးအောင်က ဖြတ်ထိုးချလိုက်သည်။ ထွန်းထွန်း မှုးမိုက်သွားပြီး ဒယိမ်းဒယိုင်ဖြင့် နောက်သို့ အဆုတ်တွင် ရန်ကြီးအောင်က ခုန်ပျံပြီး စုန်ကန်လိုက်၍ ထွန်းထွန်း အရပ်ကြိုးပြတ်ကျသွားသည်။ အံ့လောက်စရာ ထွန်းထွန်း ပြန်ထလာသည်။ ငါးချီရောက်သည်အထိ ဖွဲမျိုးခံနေသော ထွန်းထွန်းကို ရန်ကြီးအောင်က ကြိုးဝိုင်းထောင့်ပိတ်ပြီး အပိုင်ထိုးသည်။ ထွန်းထွန်း ချက်ကောင်း ထိသော်လည်း မာန်တင်းပြီး ပြန်ထိုးရင်းမှ သက်လုံကျကာ လှဲချပြီး အရှုံးပေးလိုက်ရသည်။

ပွဲစဉ်(၃၂) ဝယ်လ်တာဝိတ်တန်း ၆၇ကီလို အကြိုဗိုလ်လုပွဲစဉ်အဖြစ် သူရရဲအောင် (မြန်မာပြည်သား)နှင့် တာတိုးဝါး (ဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ သူရရဲအောင် (မြန်မာပြည် သား)က အမှတ်ဖြင့်အနိုင်ရရှိသည်။ ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်၍ အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ရာ အမှတ်ပေး ဒိုင်လူကြီး ငါးဦးစလုံးက သူရရဲအောင် (မြန်မာပြည်သား)ကို အနိုင်ပေးလိုက်သည်။ ပရိသတ်များက အတိုက်သမား တာတိုးဝါးကို အနိုင်ရမည်ဟု ထင်သော်လည်း ဒိုင်လူကြီးများက သူရရဲအောင်ကိုသာ အကြိုက်ညီခဲ့ကြသည်။

အရှောင်အတိမ်း

ဝါးထိုးဝါးကွဲ၊ ကျားထိုးကျားလဲ ဆိုသလို လက်သီးပြင်းပြီး အသည်းမာမာ ဖွဲပါပါထိုးသည့် တာတိုးဝါးကို ပရိသတ်က အားပေးခဲ့ကြသော်လည်း သူရရဲအောင်က ပညာသား ပါပါ အရှောင်အတိမ်းနှင့် ချက်ကောင်းကို ပြန်တွယ်နိုင်၍ ဒိုင်လူကြီးများ မျက်စိကျသွားပုံရသည်။ တာတိုးဝါးက ကျားချောင်းချောင်းပြီး ခေါင်းကိုဖမ်းချုပ်ရန် ကြိုးစားသော်လည်း သူရရဲအောင်က အရှောင်အတိမ်းမြန်သည်။ အနင်းအတား အပြင်းစား သတ်လုံးသတ်ပေါက်စုံလင်စွာ သူတစ်ပြန် ကိုယ်တစ်ပြန်ထိုးသတ်ကြ၍ အဖြေထုတ်ရခက်သောပွဲဖြစ်သည်။ တာတိုးဝါးဖွင့်တိုက်သော်လည်း ထိထိရောက်ရောက်ဖြစ်မလာ၍ အကြိုဗိုလ်လုပွဲနှင့်သာ ကျေနပ်လိုက်ရသည်။ ဗိုလ်လုပွဲတွင် သူရရဲအောင်(မြန်မာပြည်သား)နှင့် ရန်ကြီးအောင်(အလင်းရောင်)တို့တွေ့ကြမည်ဖြစ်သည်။

ဗိုလ်လုပွဲ

ကိုယ်အလေးချိန် အတန်းအလိုက် အကြိုဗိုလ်လုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ နောက်ဆုံး ဗိုလ်လုပွဲစဉ်များကို မေ၂၁ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ဗိုလ်လုပွဲစဉ်များဝင်ကြေးအဖြစ် ရိုးရိုးတန်းကျပ်၃၀၀၀၊ အထူးတန်း ကျပ်၅၀၀၀ သတ်မှတ်ထားသည်။ တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ရွှေခါးပတ် ချန်ပီယံလုပွဲ အောင်မြင်ဖြစ်မြောက်ရေးအတွက် Myanmar Towards Co.,Ltd. က အဓိကပံ့ပိုးကူညီဆောင်ရွက်ပေးသည်။ နောက်ဆုံးဗိုလ်လုပွဲစဉ်များ၌ မည်သူက ရွှေခါးပတ်ချန်ပီယံဆု ဆွတ်ခူးနိုင်မည်ကို စောင့်စားကြည့်ရှုရမည်ဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် အာရှထိပ်သီး ဂျပန်အသင်း၏ ရပ်တည်မှုအနေအထား

ပြုစုရေးသားသူ
မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၁၅

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နီးလာသည်နှင့်အမျှ ဘောလုံးအသင်းများ၏ ပြင်ဆင်မှုလည်းအပြီးသတ်မှုရှိနေသလောက်ရှိပြီ ဖြစ်သည်။ လူအနေအထားကစားကွက်၊ နည်းဗျူဟာများကို အထိုင်ချနေပြီဖြစ်ရာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၃၂ သင်းအနက်မှ ဂျပန်အသင်း၏ အနေအထားကို မြန်မာ့အလင်း ဘောလုံးပရိသတ်ကြီး သိရှိစေရန် Yangon Entertainment Ltd. မှ ရရှိသော သတင်းအချက်အလက်များကို အခြေခံ၍ ဆက်လက်ဖော်ပြလိုက်ပါသည်။

ဂျပန်အသင်းနည်းပြဆရာ ဇစ်ကို။
(ဓာတ်ပုံ–အင်တာနက်)

ဂျပန်လက်ရွေးစင်ဘောလုံးအသင်း။
(ဓာတ်ပုံ–အင်တာနက်)

ဂျပန်အသင်း

၁၉၉၈ ခုနှစ်ကစပြီး ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးဝင်ရောက်ယှဉ်ခဲ့သည့် ဂျပန်သည် ၂၀၀၂ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အုပ်စုဒုတိယအဆင့်အထိရောက်ခဲ့သည်သာ အမြင့်ဆုံး မှတ်တမ်းဖြစ်သည်။

သို့သော် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို သုံးနှစ်ဆက်တိုက် ခြေစစ်ပွဲအောင်မြင်သည်မှာ အာရှ၌ ဂျပန်အသင်းတစ်သင်းသာရှိနေသည်။ ထို့အပြင် ၂၀၀၆ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အိမ်ရှင်ဂျာမနီပြီးလျှင် ပထမဆုံးခြေစစ်ပွဲအောင်လာသည့် အသင်းလည်းဖြစ်သည်။

ဂျပန်အသင်းသည် အာရှအဆင့်ပြိုင်ပွဲတိုင်းလိုလို ဖိုလ်စွဲခဲ့သည့် အသင်းဖြစ်ပြီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင်မူ အောင်မြင်မှု ကြီးကြီးမားမားမရရှိသေးသည့် အသင်းဖြစ်သည်။

နည်းပြ

ဂျပန်အသင်းနည်းပြမှာ ဘရာဇီးဘောလုံးအကျော်အမော်တစ်ဦးဖြစ်သည့် ဇစ်ကိုဖြစ်သည်။ ဂျပန်အသင်းကို တောင်အမေရိကစတိုင် ကစားခိုင်းနေပြီး လက်ရှိကစားနှုန်းထက် မြန်နှုန်းမြင့်ကစားရန် လေ့ကျင့်ပေးလျက်ရှိသည်။

နည်းပြဇစ်ကိုသည် ဂျပန်အသင်းကို အာရှဇုန်တွင် ထိပ်ဆုံးမှ ခြေစစ်ပွဲအောင်ရန် ပံ့ပိုးပေးခဲ့သူဖြစ်ပြီး ဂျပန်အသင်းအာရှအဆင့်တွင် ထိပ်ဆုံးမှ ရပ်တည်နေနိုင်အောင်လည်း ကြိုးစားပေးနေသူဖြစ်သည်။

ဇစ်ကိုသည် ဂျပန်အသင်းကို ကမ္ဘာ့ဖလားပွဲ၌ အောင်မြင်မှု သမိုင်းမှတ်တိုင်အသစ်တစ်ရပ် ရရှိအောင် ကြိုးစားသွားမည်ဟု ဂျပန်ပြည်သူများကိုပြောကြားထားသည်။

စောင့်ကြည့်ရမည့်ကစားသမား

ဂျပန်အသင်း၏ အဓိကကစားသမားမှာ တိုက်စစ်မှူး ယာနာဂီဆာဝါ ဖြစ်သည်။ ဘောလုံးဆွဲယူမှု အမြန်နှုန်းနှင့် ဘောလုံး ဖြန့်ဝေပေးနိုင်မှု၊ ထူးထူးချွန်ချွန် ထိုးဖောက်ကစားနိုင်မှုနှင့် အခွင့်အရေးရလျှင် ဂိုးသွင်းနိုင်မှုများက ဂျပန်အသင်းကို အောင်မြင်မှုများရရှိစေခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ယာနာဂီဆာဝါသည် တခြားတိုက်စစ်မှူးများကို ဂိုးသွင်းနိုင်အောင် အကွက်ဆင် ဖန်တီးပေးနိုင်မှုအပြင် ခံစစ်ပိုင်းကိုလည်း လိုက်လံအားဖြည့်ပံ့ပိုးပေးနိုင်သူဖြစ်သည်။ ယာနာဂီဆာဝါသည် ဂျပန်အသင်းနှင့်အတူ ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပါဝင် ဆင်နွှဲခဲ့ဖူးသူဖြစ်ရာ ကမ္ဘာ့ဖလားပွဲများနှင့် စိမ်းသူမဟုတ်ချေ။

ယခုအခါ အီတလီကလပ် မက်ဆီနာအသင်းတွင် တိုက်စစ်မြားဦးကို ပံ့ပိုးရသည့် နောက်ချန် တိုက်စစ်မှူးအဖြစ် ကစားနေသူ တစ်ဦးဖြစ်သည်။ ယခုနှစ် ကမ္ဘာ့ဖလားပွဲအဖြစ် နောက်ဆုံးခြေစစ်ပွဲ၌ မြောက်ကိုရီးယားအသင်းဘက်သို့ ယာနာဂီဆာဝါ သွင်းယူခဲ့သည့်ဂိုးမှာ ဂျာမနီမြေတွင် ဂျပန်အသင်း ဝင်ရောက် ကစားနိုင်ရန် တံခါးဖွင့်ပေးလိုက်သည့် ဂိုးလည်းဖြစ်ခဲ့သည်။ နည်းပြဇစ်ကိုအနေဖြင့် ယာနာဂီဆာဝါကို အားကိုးရမည့်သူအဖြစ် သတ်မှတ်ထားသည်။

ကမ္ဘာ့တစ်လွှား အားကစား

ဂျပန်တို့ကစားရမည့်ပွဲစဉ်

ဂျပန်တို့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အုပ်စု(ခ)တွင် ပါဝင်လျက်ရှိရာ လက်ရှိကမ္ဘာ့ဖလား ချန်ပီယံ ဘရာဇီးတို့နှင့် တစ်အုပ်စုတည်းကျနေသည်။ ဂျပန်တို့ ဇွန် ၁၂ရက်တွင် ဩစတြေးလျ၊ ဇွန် ၁၈ရက်တွင် ခရိုအေးရှား၊ ဇွန် ၂၂ရက်တွင် ဘရာဇီးအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။



ဂျပန်အသင်းမှ အဓိကအားထားရမည့် ယာနာဂီဆာဝါ။
(ဓာတ်ပုံ–အင်တာနက်)

အုပ်စု(ခ)တွင် ဂျပန်တို့အုပ်စုအဆင့်မှ တက်ရန်ရေပန်းမစားသော်လည်း နည်းပြဇစ်ကိုက ပြီးခဲ့သည့်ကမ္ဘာ့ဖလားပွဲကထက် ရလဒ်ပိုကောင်းအောင်ကြိုးစားသွားမည်ဟု ပြောကြားထားရာ အာရှမှဂျပန်တို့၏ ခြေစွမ်းကို စောင့်ကြည့်အကဲခတ်ရမည် ဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

အက်ပ်ဖ်အေဖလား ပယ်နယ်တီမြင်ကွင်း

မေ ၁၃ရက်က အက်ဖ်အေဖလားဗိုလ်လုပွဲ၌ ဝက်စ်ဟမ်းမှ ဖာဒီနန်၏ ပယ်နယ်တီကန်သွင်း မှုကို လီဗာပူး ဂိုးသမားက ကွယ် လိုက်စဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဝက်စ်ဟမ်းမှ ပေါကွန်ချက်စကီ ပယ်နယ်တီ ကန်သွင်းမှုကို လီဗာပူး ဂိုးသမားကာကွယ်နိုင်ခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

ဝက်စ်ဟမ်းမှ ဇာမိုရာ၏ ပယ်နယ်တီ ကန်သွင်းမှုကို လီဗာပူး ဂိုးသမား ဤသို့ကာ ကွယ် နိုင် ခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

လီဗာပူးမှ ရီဆီ ပယ် နယ် တီ ကို ဤသို့ ဂိုးဝင်အောင် ကန်သွင်းခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

ကြံခင်းမြို့နယ်မှ ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းရွှေနှင့် ကြံခင်းမြို့နယ် အသင်းဥက္ကဋ္ဌ ဦးစန်းလွင်၊ တွဲဖက်အတွင်းရေးမှူး ဦးစိန်ဌွေးတို့၏စီစဉ်မှုဖြင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သို့ တစ်နေ့တာ ဆွမ်းဆက်ကပ်ခြင်းနှင့် လှူဖွယ်ပစ္စည်း လှူဒါန်းသည့် အခမ်းအနားကို မေ ၁၅ရက်က မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပရာ ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှမောင်က သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးကြည်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ဂွမြို့နယ်လေဘေး ကူညီရေးစခန်းဖွင့်လှစ်

ရန်ကုန် မေ ၁၅

ရခိုင်ပြည်နယ် ဂွမြို့နယ်သို့ ဧပြီ ၂၉ရက်က မာလာမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ ပြည်သူများ၏ အိုးအိမ်များ၊ ဘာသာရေးအဆောက်အအုံများ၊ စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် အထောက်အကူဖြစ်စေမည့် ဂွမြို့နယ် လေဘေးကူညီရေးကော်မတီ(ရန်ကုန်)ကို ရန်ကုန်မြို့ရှိ ရခိုင်လူမှုရေး အသင်းအဖွဲ့များ၊ မြို့နယ်/ခရိုင် အသင်းအဖွဲ့များမှ နာယကများ၊ အလုပ်အမှုဆောင်များ ပါဝင်ဖွဲ့စည်းပြီး ဧဒဝတီသာသနာပြုကျောင်းတိုက် ဦးထောင်ဗိုလ်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၇၉၈၉၈တွင် ကူညီရေးစခန်းဖွင့်လှစ်ဆောင်ရွက်ထားရာ ဇွန်၁၅ရက်မတိုင်မီ မည်သူမဆို နေ့စဉ်နံနက် ၉နာရီမှ ညနေ၅နာရီအတွင်း အလှူငွေများ၊ အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းများ ပါဝင်လှူဒါန်းနိုင်သည်။

အဆိုပါ လေဘေးသင့်သူများအတွက် ကူညီရေးကော်မတီအစည်းအဝေးကို ယမန်နေ့က ကျင်းပရာ ဧဒဝတီ သာသနာပြုကျောင်းတိုက် ပဓာနနာယကဆရာတော်က အလှူငွေကျပ်တစ်သိန်း၊ ရခိုင်သဟာယအသင်းက ငွေကျပ်သုံးသိန်း၊ ရခိုင်အမျိုးသမီးအသင်းက ငွေကျပ်သုံးသိန်း၊ ကျောက်ဖြူအသင်းက ငွေကျပ်သုံးသိန်း၊ သံတွဲခရိုင်အသင်းက ငွေကျပ်သုံးသိန်း၊ မြောက်ဦးမြို့နယ်အသင်းက ငွေကျပ်သုံးသိန်း၊ တောင်ကုတ်မြို့နယ်အသင်းက ငွေကျပ်နှစ်သိန်းခွဲ၊ ဂွမြို့နယ်သူနယ်သားများက ငွေကျပ်နှစ်သိန်းခွဲ၊ မြေပုံမြို့နယ်အသင်းက ငွေကျပ်တစ်သိန်း စုပေါင်းထည့်ဝင်လှူဒါန်းကြရာ ငွေကျပ်၂၂သိန်း လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၁လမ်း အမှတ်၈၃နေ ဦးလင်းတောင်(ခ)ဦးလှမြင့်–ဒေါ်ရှုလွှမ် မိသားစုက ဒဂုံမြို့နယ် အမှတ်၁၂ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၁သိန်း လေးသောင်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)၌ တစ်ချက်တည်းကျင်းဝင်ခဲ့

ရန်ကုန် မေ ၁၅

ရန်ကုန်ဂေါက်အသင်း (တည်းကုန်း)တွင် မေ၁၄ရက် နံနက်၁၀နာရီ ၄၅မိနစ်က ကစားဖော်များဖြစ်သော ရဲမှူးကြီးခမ်းအောင်၊ ရဲမှူးကြီးစစ်အေး၊ Mr. Paul Dergabedion တို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ရဲမှူးချုပ်ဝင်းမြိုင်သည် ကျင်းအမှတ်(၁၅)ကို ၁၈၅ကိုက်အကွာမှ Reygrande (8) ဘောလုံးအား Honma Iron(7) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လှိုင်သာယာမြို့နယ်၊ကမာရွတ်မြို့နယ်နှင့် နတ်မောက်မြို့နယ်တို့၌မီးလောင်မှုဖြစ်ပွားခဲ့

ရန်ကုန် မေ ၁၅

လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) ဦးချိန်လမ်းရှိ ကျော်ကျော်ထွန်း ပဲကိုဒေါင်ရှေ့၌ မေ၁၃ရက် ညနေ၅နာရီခန့်တွင် ပိုင်ရှင် ဦးတင်စိန်၏ကားန/၇၇၀၈ ဆလွန်းအဖြူရောင်(အငှားယာဉ်)စက်နှိုးစဉ် ဂက်စ်အိုးယိုစိမ့်ရာမှ မီးလောင်မှုဖြစ်ပွားရာ အင်ဂျင်ပိုင်းနှင့်ဘက်ထရီအိုး၊ ထိုင်ခုံများ မီးလောင်ခံရပြီး ငွေကျပ်၂၀၀၀၀၀ဖိုးခန့် ဆုံးရှုံးသွားသည်။

နတ်မောက်မြို့နယ်မီး

အလားတူ နတ်မောက်မြို့နယ် အိုင်ဆောက်ကျေးရွာနေ ဒေါ်မြကြည်၏ နေအိမ်၌ မေ၁၃ရက် ညနေ၃နာရီ၁၅မိနစ်တွင် လက်နှီးများ ဆပ်ပြာမှုန့်ဖြင့် ရေနွေးတည်ပြီးပြုတ်ရာမှ မီးလောင်မှုဖြစ်ပွားရာ နတ်မောက်မီးသတ်စခန်းနှင့် ခုနစ်မိုင်ကွာဝေးသော်လည်း မီးသတ်တပ်ဖွဲ့ဝင်များ အချိန်မီသွားရောက်၍ ငြိမ်းသတ်နိုင်ခဲ့သည်။ ယင်းမီးလောင်မှုကြောင့် အိမ်၂၂လုံး မီးလောင်ဆုံးရှုံးသွားသည်။

ကမာရွတ်မြို့နယ်

ထို့အတူ ကမာရွတ်မြို့နယ် အမှတ်(၅)ရပ်ကွက် မြတ်လေးငုံလမ်း အုန်းတောဘုန်းကြီးကျောင်းတိုက်အနီး ကျောင်းထိုင်ဆရာတော် ဦးပညာသာမိ ကျောင်းတိုက်၌ ယနေ့နံနက်၄နာရီခွဲတွင် ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ မီးငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အဆိုပါ ဘုန်းကြီးကျောင်းနှင့် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့်မိုင်း ရွှေကျင်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူတစ်ဦးနင်းမိ၍ ခြေထောက်ပြတ်ဒဏ်ရာရ

နေပြည်တော် မေ ၁၅

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုလုပ်ဆောင်လျက်ရှိရာ မေ၉ရက် နံနက်၁၀နာရီ ၁၀မိနစ်ခန့်တွင် ပဲခူးတိုင်း ရွှေကျင်မြို့ ရှမ်းကျေးရပ်ကွက်မှ ဦးငွေလှိုင်၏သမီး မနွယ် အသက်(၂၅)နှစ်သည် အဖော်သုံးဦးနှင့်အတူ တည်းသီးခူးရန် တောတွင်းသို့ထွက်ခဲ့ရာမှ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးကိုနင်းမိပေါက်ကွဲပြီး မနွယ်မှာ ဝဲဘက်ခြေထောက် ခြေချင်းဝတ်မှပြတ်၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါထိခိုက်ဒဏ်ရာရရှိသည့် မနွယ်အား တာဝန်ရှိသူများက ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုနှင့် လိုအပ်သောပံ့ပိုးကူညီမှုများဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ခံယူ

ဦးသန်းညွှန့် (၇)နှစ်ပြည့်အားရည်စူး၍ အမှတ် ၇၅(စီ) ဗိုလ်ရာညွှန့်လမ်း ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ်နေ ဒေါ်မြင့်မြင့်သက်နှင့် သား၊သမီး၊မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ဆေး၊ငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။

(က–ပ)

တောတောင်ရယ် သာစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာနိုင်ငံဆရာဝန်အသင်းဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကျင်းပမည်

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ်အစည်းအဝေးကို မေ၂၇ရက်(စနေနေ့)နံနက်၁၀နာရီတွင် အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ တိုင်းနှင့်ပြည်နယ်များမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြရန်ဖိတ်ကြားထားသည်။

(သတင်းစဉ်)

ပျောက်ဆုံးခြင်း

ဒေါ်မာလာဦး ပိုင် သ/၅၉၅၂၏ ယာဉ်အခွန်ပုံစံ(၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားဆက်သွယ်ပေးပါရန်။ **အမှတ် ၂၉၊ မြိုင်ယောဝန်အိမ်ရာလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။



လက်ထောက် (CREW) မန်နေဂျာရာထူးခေါ်ယူခြင်း (ပြည်တွင်း၌သာခန့်ထားရန်)

Bay Point Marine Co., Ltd.၏ ရေယာဉ်/စက်မှုဌာနများအတွက် Assistant Crew Manager တစ်နေရာစီလိုအပ်ပါသဖြင့် အောက်ဖော်ပြပါ အရည်အချင်းနှင့်ပြည့်မီသူများ ရုံးချိန်အတွင်း ၃၁–၅–၂၀၀၆ရက် နောက်ဆုံးထား၍ ကိုယ်ရေးရာဇဝင်နှင့်အတူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ လျှောက်ထားနိုင်ပါသည်။

- အသက်(၄၅)နှစ်အောက်
- 2nd Mate(F.G), 3/Engineer Lisense Holder
- ညှိနှိုင်းလစာ
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးမည်။

ဆက်သွယ်ရန် – အမှတ် ၂၃၂ (၁၀)ထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်သို့ အိမ်နှင့်ခြံမြေအား လှူဒါန်းပြီးစီးခြင်း

ဗုဒ္ဓမြတ်စွာဘုရား သာသနာတော် တည်တံ့ခိုင်မြဲစေရန်အတွက် ပဲခူးတိုင်း၊ သာယာဝတီမြို့၊ ရန်ကုန်–ပြည်လမ်း၊ အမှတ်(၁)ရှိ ကွယ်လွန်သူ မိဘများဖြစ်သော ဦးသူငယ်–ဒေါ်ဒေါ်ပြုံးတို့ပိုင် အရှေ့အနောက် ၂၂၉ပေ၊ တောင်မြောက် ပေ၁၆၀ရှိ အိမ်နှင့်ခြံမြေအား သားသမီးမြေးမြစ်များအားလုံးတို့က ကွယ်လွန်သူ အဘိုးအဘွားမိဘများအား ရည်စူး၍ ဝမ်းမြောက်ဝမ်းသာ ကြည်နူးစွာဖြင့် ၉–၅–၂၀၀၆ရက် ၁၃၆၈ခုနှစ် ကဆုန်လဆန်း ၁၃ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် နာယကဆရာတော်ကြီးများ၊ သာယာဝတီမြို့ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်လူကြီးများ၊ သာယာဝတီမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၃၆)မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများရှေ့မှောက်တွင် ဥပဒေနှင့်အညီ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်သို့ လက်ရောက်ပေးအပ် ရေစက်သွန်းချ အမျှပေးဝေလှူဒါန်းပြီးဖြစ်ပါ၍ သာဓုအနုမောဒနာ ခေါ်ယူနိုင်ကြပါစေ။

ဦးညီညီ ညွှန်ကြားရေးမှူး(ငြိမ်း)ရှေ့နေချုပ်ရုံး
ဇနီး ဒေါ်ကြည်ကြည်မြင့်နှင့်
ညီအစ်ကို မောင်နှမ မြေးမြစ်များ။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးပိုလ်ချုပ်ရဲမြင့် ခြံစည်းရိုးကြက်ဆူပင်ပျိုးပင်များရှင်သန်မှုကြည့်ရှု

တောင်ကြီး မေ ၁၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိများ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၅ ရက် နံနက်၉နာရီ၄၅မိနစ်က တောင်ကြီးမြို့ သမဝါယမသင်တန်းကျောင်းရှိ ခြံစည်းရိုး ကြက်ဆူပင် ၂၈၀၀၀ ပျိုးခင်းသို့ ရောက်ရှိပြီး ပျိုးပင်များရှင်သန်ဖြစ်ထွန်းမှု ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန အထက်တန်းရက်ကန်းသင်တန်းကျောင်း ခြံစည်းရိုးကြက်ဆူပင်၈၅၀၀၀ ပျိုးခင်းသို့ရောက်ရှိရာ ပြည်နယ်သမဝါယမ ဦးစီးဌာန ဦးစီးမှူးဦးစိုးညွန့်က ကြက်ဆူပျိုးထောင်ထားသည့် အရေအတွက် စိုက်ပျိုးပြီးစီးမှုဧက၊ စိုက်ပျိုးရန်လျာထားချက်မျိုး စုဆောင်းရရှိမှုတို့ကို တင်ပြရာ တိုင်းမှူးကလျာထားဧက ပြည့်မီအောင် ရာသီအချိန်မီ စိုက်ပျိုးရန် မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခြံစည်းရိုးကြက်ဆူပျိုးခင်းသို့ရောက်ရှိပြီး အစည်းလိုက်စိုက်ပျိုးရှင်သန် အမြစ်ထွက်နေသည့် ခြံစည်းရိုး ကြက်ဆူအစည်း နမူနာအပင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် ရွှေညောင်ကျေးရွာ အမှတ် ၈၅ထွန်စက်စခန်း ခြံစည်းရိုးကြက်ဆူပျိုးခင်း ရှင်းလင်းဆောင်တွင် စက်မှုလယ်ယာဦးစီးဌာနဦးစီးအရာရှိ ဦးသန်းထွန်းအောင်က ကြက်ဆူစိုက်ပျိုးထားရှိမှု၊မျိုးစုဆောင်းထားရှိမှု စိုက်ပျိုးရန်လျာထားချက် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက အရန်မျိုး၂၅ရာခိုင်နှုန်း စုဆောင်းထားရှိရေးမှာကြားကာ ခြံစည်းရိုးကြက်ဆူပင်၁၂၀၀၀၀ ပျိုးခင်းရှိ ကြက်ဆူကိုင်းဖြတ်ပျိုးပင်များကို ကျင်းများဖြင့် အစည်းလိုက်ပျိုးထောင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုကြသည်။ ရှမ်း ပြည်နယ် (တောင်ပိုင်း)ရှိဝန်ထမ်းများ ၂၀၀၆-၂၀၀၇ခုနှစ် ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ခြံစည်းရိုးကြက်ဆူပင် ၁၅၀၀၀၀ ဧကစိုက်ပျိုးရန်လျာထားပြီး ယနေ့အထိ ခြံစည်းရိုးကြက်ဆူ၇၆၀၂၅ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျိုင်းတုံခရိုင်ပြည်တွင်းအခွန်ဦးစီးဌာနကြီးမှူး တံဆိပ်ခေါင်းခွန်ဥပဒေဆိုင်ရာပညာပေးဆွေးနွေး

ကျိုင်းတုံ မေ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ပြည်တွင်းအခွန်ဦးစီးဌာနက ကြီးမှူး၍ တံဆိပ်ခေါင်းခွန် ဥပဒေဆိုင်ရာ ပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ဧပြီ ၂၃ရက် နံနက် ၉ နာရီက စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်မင်းက အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ခရိုင်အခွန်ဦးစီးဌာနဦးစီးမှူး ဦးမြင့်နိုင်က တံဆိပ်ခေါင်းခွန် ဥပဒေဆိုင်ရာအကြောင်းကိုလည်းကောင်း၊ မြို့နယ် အခွန်ဦးစီးဌာန ဦးစီးမှူး ဦးအုန်းသောင်းက တံဆိပ်ခေါင်းခွန် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများနှင့် ဧည့်သည်များ၏ မေးမြန်းချက်များအပေါ် ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

သီပေါမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးသန့်ဇင်၊ ဦးစီးအရာရှိ ဦးတင်မောင်စိုးနှင့် ဝန်ထမ်းများ သီပေါမြို့အတွင်း သန့်ရှင်း သပ်ရပ်သာယာလှပမှုရှိစေရေးအတွက် ဧပြီ ၂၇ ရက်က ၇ နွာ မာ လမ်းအတွင်း အဖွဲ့ဝန်ထမ်းများဖြင့် အမှိုက်သိမ်းဆည်းနေမှုကို ကွင်းဆင်းကြပ်မတ်စစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

စုပေါင်းဒုလ္လဘနှင့်တရားစခန်းဖွင့်

နွားထိုးကြီး ဧပြီ ၂၀

နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ သပြေထီး တောရကျောင်းတိုက် မေတ္တာမွန်တရားရိပ်သာ၌ ဆရာတော်ဦးအက္ကိရဉာဏက ပဋိပတ္တိသာသနာ ထွန်းကားပြန့်ပွားအခွန့်ရှည်တည်တံ့စေရန်အတွက် ပထမအကြိမ် စုပေါင်းဒုလ္လဘ နှင့် ၁၀ ရက်တရားစခန်းဖွင့်ပွဲကို ဧပြီ ၁၀ရက် နံနက်၄နာရီတွင် မေတ္တာမွန်ဓမ္မာရုံ ၌ ကျင်းပရာ ဆရာတော် ဦးအက္ကိရဉာဏ ဦးစီး၍ ဒုလ္လဘသံဃာတော် ၃၅ ပါး၊ တရားစခန်းဝင် ၅၀တို့က တရားစခန်းဝင်ကြကြောင်း သိရသည်။ (၂၁၃)

ချင်းပြည်နယ် တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော လိုင်လုံးကျေးရွာနှင့် တွီးလန့် ကျေးရွာချင်းဆက်မြေသားလမ်းလုပ်ငန်းဆောင်ရွက်မှုကို ဧပြီ ၇ ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံနားဆင်စရာ

၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်
၁၇-၅-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ပြည်ပသွင်းကုန် အစားထိုး ထီးအမျိုးမျိုးထုတ်လုပ်မှု အကြောင်း)
- ၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (ရုပ်လုံးရုပ်တု အနုပညာ) (သာရဝေါ-စိုးကြည်)
- ၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (အသည်းနှလုံးမှ အပြုံးခြယ်လိုလျှင်) (လှတိုး-စိတ်ပညာ)
- ၁၂:၃၅ သီချင်းကြီးပဒေသာ
  (၁) ဖော်ကွာဝေး(ယိုးဒယား) (မြတ်မြတ်မိုး)
  (၂) ရွှေဘိုမြို့ဘွဲ့ ကရောင်းသံ (ယိုးဒယား) (ဦးသိန်းကြွယ်)

ညနေပိုင်း

- ၁၇:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  (၁) မိုးဒေဝါ
  (၂) ချစ်သူတိုင်းလည်းညားကြပါစေ
  (၃) ငယ်ချစ်ဟောင်းနဲ့ စောင်းအိုရှင်
- ၁၇:၃၀ အစာနှင့် အာဟာရ (အထပ်တစ်ရာမုန့်)
- ၁၇:၄၅ သူ့လက်သံ (အဆို၊ အက၊ အရေး၊ အတီးဆုရ ရခိုင်ပြည်နယ်မှ ဦးစိုးသိန်း၏ စန္ဒရားလက်သံ)
- ၁၈:၄၅ စာအုပ်စာပေလူ့မိတ်ဆွေ
  (၁)အဝေးမှာ မနေပါနဲ့ (အရှင်ဆန္ဒာဓိက-ရွှေပါရမီတောရ)
  (၂)လှဆိုးဗျင်းရယ်နှင့် နှင်းဆီ (မိချမ်းဝေနှင့် အောင်ဝေး)
- ၁၉:၁၅ မေတ္တာလက်ဆောင်ရ တေးစီးရီး (Heart တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် မေ့နေပြီလား တေးစီးရီး)
- ၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  (၁) ချစ်ရေးဖြင့် ဘယ်မပိုင်
  (၂) ကမ္ဘာခြားသည့် အနီးဆုံးနှလုံးသား
  (၃) အမုန်းတိုင်လေး စိုက်ထားတယ်

မော်ကျွန်း၌စက်ချုပ်၊ဇာထိုး၊ပန်းထိုးသင်တန်းဖွင့် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ရှင်းလင်း၊ ကြည့်ရှုအားပေး

မော်လမြိုင်ကျွန်း မေ ၅

မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော စက်ချုပ်၊ ဇာထိုး၊ ပန်းထိုးသင်တန်း အမှတ်စဉ်(၂/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၈ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါခန်းမဆောင်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲအပြီးတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့် အဖွဲ့ဝင်များက စက်ချုပ်၊ဇာထိုး၊ ပန်းထိုးသင်တန်းသူများကို လိုက်လံကြည့်ရှု အားပေးကြသည်။ **(အောက်ပုံ)**

သင်တန်းသို့ စက်ချုပ်သင်တန်းသူ ၅၀ နှင့် ဇာထိုး၊ ပန်းထိုးသင်တန်းသူ ရှစ်ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(၀၉၇)**

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်ပရိဝုဏ် ပြုပြင်တည်ဆောက်ရန် မေ ၆ ရက်က ကွယ်လွန်သူ (ဒေါ်ထွေးရီ-ဆရာမ)၊ (ဒေါ်သင်းကြည်-ဆရာမ) တို့အားရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ပထမထပ် အမှတ်(၆၉)နေ ဦးလှတင်-ဒေါ်နုယဉ် မိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၁၆၈)

ကျောက်တံခါးမြို့၌ လမ်းဘေးကပ်တုံးပြုလုပ်

ကျောက်တံခါး မေ ၇

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည်၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် မြို့သာယာလှပရေးအတွက် ရန်ကုန်-မန္တလေးလမ်းမကြီး ဘေးဝဲယာ ကပ်တုံးပြုလုပ်ခြင်းလုပ်ငန်း အရှည်၂၁၈၅ပေကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဟိန်းဇော် ကြီးကြပ်ဆောင်ရွက်ရာသို့ မေ ၁ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းထွန်း ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ ဘားအံ၌ ကျင်းပ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြ

ဘားအံ မေ ၉

ဘားအံမြို့နယ်မီးသတ်ဦးစီးဌာနကကြီးမှူး၍ နှစ်(၆၀)ပြည့်မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက် ၈နာရီက ဘားအံမြို့ သီရိကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် အဖွဲ့ဝင်များ၊ ဘားအံခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင် များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက နှစ်(၆၀)ပြည့်မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု အမှာစကားပြောကြားပြီး သန္နေမီးသတ် တပ်ဖွဲ့ဝင် ၁၀ဦးနှင့်အရန်မီးသတ်တပ် ဖွဲ့ဝင် ၂၀၀ တို့က မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြ ခြင်းနှင့်မီးသတ်ယာဉ်သုံးစီးဖြင့် မီးသတ် စွမ်းရည်ပြသကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့ နယ်မြေ ပဓာန နာ ယ က ချုပ် သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တပညာ သာရ အရှင်သူ မြတ်က ကြီးမှူး၍ မေ၁၃ရက်က ပန်း တစ် ပွင့် တောင် ခြေ ရှိ မ ဟာ ဗောဓိပင်ကို လက် ပန်းတန်းစု၊ ဝါပ တော၊ အင်းဂံ ဝါးနက်ချောင်းကျေးရွာများမှ ကုသိုလ်ရှင်များ၊ ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ မြန်မာမန်းရေလုပ်ငန်းကုမ္ပဏီဥက္ကဋ္ဌ ဦးတီတိုးနှင့် ဒါရိုက်တာအဖွဲ့ဝင်များက ကဆုန်ညောင်ရေ သွန်းလောင်းစဉ်။ (က-ပ)

စစ်ကိုင်းတိုင်း ပြန်/ဆက်ဦးစီးဌာန လက်ထောက်ညွှန်မှူး ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေး

တန့်ဆည် မေ ၅

စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းသည် ရွှေဘိုခရိုင် ဦးစီးအရာရှိ ဦးကျော်တင့်နှင့်အတူ ဧပြီ ၃၀ရက်က တန့်ဆည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး လုပ်ငန်းဆိုင်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ၂၀၀၆ခုနှစ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အကျယ်တဝင့် ဆွေးနွေးမှာကြားပြီး မေ ၁ရက် နံနက်က လက်ထောက် ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ရွှေကတော်ကျေးရွာနှင့် ခပေါင်းကြိုင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ သွားရောက်၍ကြည့်ရှုစစ်ဆေးကာ ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များနှင့် တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟောပြော ဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ခြံစည်းရိုးကြက်ဆူပျိုးထောင်ထားရှိမှုအခြေအနေကို ဧပြီ ၂၃ရက်က မန္တလေးတိုင်းစိုက်ညှိအဖွဲ့နှင့် ခရိုင်စိုက်ညှိအဖွဲ့ဝင်တို့အား အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သူသူအေးက ရှင်းလင်းတင်ပြစဉ်။ (၄၀၂)

မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အတွက်ဆောင်ရွက်မည့် အောင်မြေ ရွှေဘုံရွာသွား ကျောက်ချောလမ်း ကွန်ကရစ်ပိုက်လိုင်းချခြင်းလုပ်ငန်းကို ဧပြီ ၂၁ ရက်က တာဝန်ခံအင်ဂျင်နီယာဦးကျော်သန်း၊ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဦးစီးအရာရှိ ဦးကျော်သူလတ်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့၌ ကွန်ကရစ်ရေတွင်းတူးဖော်

မြစ်ကြီးနား ဧပြီ ၃၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက် လျက်ရှိပြီး ၂၀၀၅-၂၀၀၆ ခုဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တစ်တွင်းလျှင် ငွေကျပ် ၁၀၅၀၀၀၀ နှုန်းဖြင့် ကျေးရွာ ၁၀ရွာတွင် အချင်း ၃ဒသမ၅ ပေ၊ ပျမ်းမျှအနက် ၄၅ပေ ကွန်ကရစ်ရေတွင်း ၁၀ တွင်း တူးဖော်ပေးရန် လျာထားချက်နှင့်အညီ တူးဖော်ရန်ကျန်ရှိသော ခေါင်ဖူးရွာဟောင်း၊ ဟိုကပ်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာ သုံးရွာတူးဖော်ပြီးဖြစ်၍ ဧပြီ ၁၈ရက်က အမှုဆောင်အရာရှိ ဦးအေးဆွေနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်တို့က ကွင်းဆင်းကြီးကြပ်စစ်ဆေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးသင်တန်းဖွင့်

ကျောက်ပန်းတောင်း မေ ၁၀

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီကကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးသင်တန်းဖွင့်ပွဲကို မေ ၅ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရွှေမန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးတိုင်းအေး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှဝင်းနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်သဘင်အစည်းအရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ သင်တန်းနည်းပြအနုပညာရှင်များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမန်းက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းတွင် အကသင်တန်းသား ၁၀၀၊ အဆိုသင်တန်းသား ၁၀၀နှင့် အတီးသင်တန်းသား ၁၀၀စုစုပေါင်း သင်တန်းသား ၃၀၀ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား တပ်ကုန်း၌ကျင်းပ တပ်ဖွဲ့နေ့ဖြစ်ပေါ်လာပုံနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြား

တပ်ကုန်း မေ ၁၀

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီက မီးသတ် ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူး အောင်ကျော်က အမှာစကား ပြောကြားပြီး မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဇော်က မီးသတ်တပ်ဖွဲ့နေ့ဖြစ်ပေါ်လာပုံနှင့် ရှေ့လုပ်ငန်းစဉ်များရှင်းလင်း ပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးပို့သော ဂုဏ်ပြုမှတ်တမ်းလွှာများကို အရန်မီးသတ်တပ်ဖွဲ့လုပ်သက် ၂၅နှစ် တာဝန် ထမ်းဆောင်ခဲ့ကြသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြ အခမ်းအနားတွင် ပါဝင်ကြသူများအား ဂုဏ်ပြုမှတ်တမ်းများကို တာဝန်ရှိသူများကလည်းကောင်း ပေး အပ် ချီး မြှင့် ကြကြောင်းသိရသည်။(၂၆၆)

မန္တလေးနှင့် စာပေခရီးစာအုပ်ထုတ်ဝေရေး အလှူငွေပေးအပ်

မန္တလေး မေ ၁၂

စတုတ္ထအကြိမ် စာပေညီလာခံကို ကြိုဆိုသောအားဖြင့် မန္တလေးနှင့်စာပေခရီး စာအုပ်ထုတ်ဝေရေးအတွက် အလှူငွေပေးအပ်ပွဲကို မေ ၈ရက် နံနက် ၉နာရီက မဟာအောင်မြေမြို့နယ်စာပေနှင့် စာနယ်ဇင်းရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ ဒေါက်တာမောင်မောင် (မောင်ဆင်ခြင်)က အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဦးထွဏ်းလှအောင်(မိုးဇော်အောင်-မန္တလေး)က မန္တလေးနှင့် စာပေခရီးထုတ်ဝေရေး အခြေအနေနှင့် စာမူရရှိမှုအခြေအနေကိုလည်းကောင်း၊ ဘဏ္ဍာရေးအဖွဲ့ ခေါင်းဆောင်ဦးရာစိုး(ရာစိုး-လူမှု)က စာအုပ်ထုတ်ဝေနိုင်ရေးအတွက် ဘဏ္ဍာရေးဆောင်ရွက်ထားမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အလှူရှင် ဒေါက်တာခင်မောင်ဆွေ(မူးယစ်)က မိဘများဖြစ်ကြသော ဦးတင်ငွေ-ဒေါ်ကျင်မွေး၊ ဦးအခွန်-ဒေါ်ခင်ကြည်တို့အား ရည်စူး၍ မန္တလေးမြို့ သင်ကြားရေးဆေးရုံအုပ် ဒေါက်တာခင်မောင်ဆွေ-ဒေါ်နွယ်နီဦး မိသားစုကိုယ်စား မိမိစာပေရေးသားခြင်းမှ ရရှိသော စာမူခရငွေကျပ်တစ်သိန်း လှူဒါန်း ရခြင်းကို ရှင်းပြပြီး နာယကထံသို့လည်းကောင်း၊ အောင်မြေသာစံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်ဒေါက်တာလှဖေက ငွေကျပ်တစ်သောင်းတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ နာယကကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)** (၁၆၂)

1990 မော်ဒယ် Town Ace DX (CR 27)
7 Seater ၊ ဒီဇယ် (2C) Caldina အင်ဂျင်
[illegible]
ဖုန်း – 09 2042039 / 577066

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)

ပဲခူးခရိုင် နယ်တရားမရုံးတော်၌ ၂၀၀၅ခုနှစ် ဇာရီမှုအမှတ်–၂၁

မန်နေဂျာ		၁။ ဦးတင်ဖေ
မြန်မာ့စီးပွားရေးဘဏ် ဒိုက်ဦးမြို့	နှင့်	၂။ ဒေါ်အုန်းကြည်
ဒီကရီရသူ		**တရားရှုံး**

ပဲခူးခရိုင် နယ်တရားမရုံးတော်က ၂၀၀၀ပြည့်နှစ် တရားမမှုအမှတ်–၉၂တွင် စရိတ်များ အပါအဝင်ငွေ ၃၃၄၁၇၂၁ကျပ် ၄၇ပြားအတွက် ဒီကရီအတည်ဇာရီပြုရာစာရင်း၌ ဖော်ပြထားသော ပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၀၆ခုနှစ် ဇွန် ၁၄ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၈ခုနှစ် နယုန်လပြည့်ကျော် ၄ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာမှာ လေလံတင်၍ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကို ရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါတရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့်ဆိုင်ရာ တည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျ အခွင့်အရေးလွှဲအပ်သည့်ကိုယ်စားလှယ်သော်လည်းကောင်း၊ ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း၊ ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက ၎င်းတို့သို့ တစ်စုံတစ်ရာ ရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတိအလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းအချက်များမှာ အောက်၌ဖော်ပြထားသည်။

ရောင်းချရန်နောက်ထပ်စည်းကမ်းအချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့ တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံ ဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန် ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်၊ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်စေရမည့်ပြင်၊ အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့် အဖိုးမှာနည်းပါးကြောင်း ထင်ရှား၍ လက်ခံရန်မသင့်လျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်က ထင်မြင်လျှင်လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ ပါပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အဖိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှအချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ်ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည့်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ သည့်ကဲ့သို့ ပေးသွင်းမပြုပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်း တစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့် ငွေအလုံးကိုဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်နေ့ကိုပယ်၍ ပစ္စည်းကိုရောင်းပြီးနောက် ၁၅ရက်မြောက်နေ့တွင် ရုံးမဆင်းမီပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်နေ့သော်လည်းကောင်းဖြစ်လျှင် ၎င်း၁၅ရက်မြောက်နေ့နောက်ရုံးပထမဖွင့်သည့်နေ့တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့် အချိန်ကာလအတွင်း ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာ အသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကိုတစ်ဖန်ပြန်၍ ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကို ပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင် အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန်ရောင်းချရာ ရရှိသည့်ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၀၆ ခုနှစ် မေလ ၈ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပစ္စည်းစာရင်း

ပဲခူးတိုင်း ဒိုက်ဦးမြို့ အမှတ်(၂)ရပ်ကွက်၊ မြေကွက်အမှတ်–(၃–ကုန်သည်ရပ်)၊ ဦးပိုင်အမှတ် (၁၃၇–ထ/၁)၊ မြေဧရိယာ (၀ ဒသမ ၀၄၀၃) ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်အိမ်။

ကြမ်းခင်းဈေး–၄၅၀၀၀၀၀ိ/– (ကျပ်လေးဆယ့်ငါးသိန်းတိတိ)

မြင့်သိန်း၊ တ/၁၅၇၈
ခရိုင်တရားသူကြီး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် အောက်ပါလုပ်ငန်းသုံးပစ္စည်းကို ဌာနအရောက်ကျပ်ငွေဖြင့်(သို့မဟုတ်) ("CIF Yangon") US$ စနစ်ဖြင့် ဝယ်ယူရန်ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ကျောက်ချဉ်	(၅၀၀)တန်

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၅–၅–၂၀၀၆ရက်နေ့(၁၆း၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံ တစ်စုံလျှင် ကျပ် ၁၀၀၀ိ/–(ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်–၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

[illegible]

[illegible]

ကြော်ငြာများလက်ခံမည်

- ဒို့ကျေးရွာဂျာနယ်သည် မြန်မာနိုင်ငံအရပ်ရပ်ရှိ မြို့နယ်ပေါင်း ၃၀၀ ကျော်သို့ စောင်ရေ ၁၄၀၀၀ကျော်ဖြင့် တစ်လနှစ်ကြိမ် ဖြန့်ချိလျက်ရှိပါသည်။
- လူကြီးမင်းများ၏ ကုန်ပစ္စည်းများအား ဒို့ကျေးရွာဂျာနယ်တွင် ကြော်ငြာခြင်းဖြင့် ကျေးလက်ဒေသနေ ပြည်သူလူထုအထိ သိရှိအောင် ဆောင်ရွက်နိုင်ပါမည်။
- လူကြီးမင်းများ၏ ကုန်ပစ္စည်းများအား နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုများသိရှိအောင် ဒို့ကျေးရွာဂျာနယ်က ကူညီဖော်ပြပေးလိုပါသည်။

ဆက်သွယ်ရန် – အမှတ် ၂၂၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၃၇၁၃၄၀၊ ၃၇၁၃၄၂။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာနမြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

အမှတ်(၉၀)၊ ကံဘဲ့လမ်း၊ ရန်ကင်း၊ ရန်ကုန်မြို့။
Ph.,(951)578470,562895,Fax.,(951)578472
E-mali-mpe.myr@mptmail.net.mm,www.myanmarpearl.com

ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	01(2006-07)	Oyster Cleaning Machine	2 Units
၂။	02(2006-07)	X-ray machine for Oyster Checker	1 Unit

၂။ တင်ဒါပေးသွင်းရမည့်နေရာ – ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန အမှတ်(၉၀)ကံဘဲ့လမ်း၊ ရန်ကင်း၊ရန်ကုန်မြို့။

၃။ တင်ဒါစည်းကမ်းနှင့်ပုံစံရောင်းချမည့်နေ့ – ၁၅–၅–၂၀၀၆ ရက်

၄။ တင်ဒါပိတ်သည့်ရက် – ၃၁–၅–၂၀၀၆ (၁၄း၀၀)နာရီ

၅။ အသေးစိတ်အချက်အလက်များကို လူကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်) တယ်လီဖုန်းအမှတ်–၅၇၈၄၇၀နှင့် ၅၆၂၈၉၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း။

18.5.2006
Diploma in Electrical Installation
Alarm System, Access Control System, Safety System ... Control ... IT ...
Diploma in Refrigeration & Air Conditioning
[illegible]
City & Guilds of London Institute (UK) ... Diploma
GLORY
☎ : 01-373431

အမည်ပြောင်း

အဖ ဦးမင်းမင်းလွင်၏သမီး၊ ပေါင်မြို့အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်း (က)မှ မခင်ယဉ်မင်းမြတ်အား မယမင်းခင်ဟု ပြောင်းလဲ ခေါ်ပါရန်။ **မယမင်းခင်။**

ကွာရှင်းပြတ်စဲခြင်း

ကျွန်တော်ဦးအောင်ကျော်မျိုး ၁၂/အလန (နိုင်)၀၃၇၆၄၂ နှင့် ကျွန်မ ဒေါ်နန့်နှင်းသူဇာထွန်း ၁၄/ပတန(နိုင်)၁၁၆၁၇၁ တို့သည် ၃၀–၃–၂၀၀၆ပါ စာချုပ်အရ တရားဝင်ကွာရှင်း ပြတ်စဲပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဦးအောင်ကျော်မျိုး၊
ဒေါ်နန့်နှင်းသူဇာထွန်း။

မင်္ဂလာ တောင်ညွန့်မြို့နယ်ရှိ ရပ်ကွက်ပေါင်း ၂၀၌ ခြံစည်းရိုး ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုး လျက်ရှိရာ မေ ၁၃ ရက်က တောင် လုံး ပြန် ရပ် ကွက် တွင် ရပ်ကွက် ဥက္ကဋ္ဌ ဦး သန်း မြင့် နှင့် ရပ်ကွက် လူမှုရေး အဖွဲ့ အစည်း များ ခြံစည်းရိုး ကြက်ဆူပင်များ စုပေါင်း စိုက် ပျိုး နေ မှု ကို

မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်တို့ အားပေးကြည့်ရှုကြစဉ်။ (၂၅၉)

နတ်မောက်၌ စာပေဟောပြော ဆုရကျောင်းများဆုချီးမြှင့်

နတ်မောက် မေ ၂

နတ်မောက်မြို့ပြည်သူ့ခန်းမ၌ ဧပြီ ၂၃ ရက် ည၇နာရီက ၁၃၆၇ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပရာ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်အေး (တင်အေးနတ်မောက်)ကဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆွေက ဆောင်ရွက်သည်။

ကဗျာရွတ်ပြိုင်ပွဲတွင် ဆုရကျောင်းများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီးမြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ပေးပို့သောသဝဏ်လွှာကို မြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့အတွင်းရေးမှူး ဦးမောင်ကြိုင်က ဖတ်ကြားပြီး စာရေးဆရာ နေဝင်းမြင့်နှင့် ခင်ခင်ထူး တို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။ (၁၅၆)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တော်ဝင်လမ်း တစ်လျှောက် ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို မေ၂ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

စာကြည့်တိုက်ဖွံ့ဖြိုးရေး ပညာပေးဟောပြော စာအုပ်များလှူဒါန်း

ဖန်းမောက် မေ ၄

စစ်ကိုင်းတိုင်း ကသာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာကြည့်တိုက်ဖွံ့ဖြိုးရေးပညာပေးဟောပြောပွဲနှင့် စာအုပ်များလှူဒါန်းပွဲကို ဧပြီ၂၇ရက်က ဖန်းမောက်မြို့နယ် စက်တောကျေးရွာရှိ အလိမ္မာစာကြည့်တိုက်တွင် ကျင်းပသည်။ အခမ်းအနားတွင် ကသာခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးညွန့်ရွှေက စာကြည့်တိုက်ဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးရွှေမောင်ထံသို့ ငွေကျပ်၁၇၅၀၀ တန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူပင် ခရိုင်ဥက္ကဋ္ဌကြည့်ရှုစစ်ဆေး

ညောင်ရွှေ ဧပြီ ၃၀

တောင်ကြီးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်သည် ဧပြီ ၂၀ရက်က ညောင်ရွှေမြို့နယ် တီလောကျေးရွာအုပ်စု ကံကောင်းရွာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာ ၁၄ခုမှ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူစံပြဧက ၁၀၀အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝန်ကြီးဌာန တာဝန် ပူးတွဲထမ်းဆောင်စေခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၈/၂၀၀၆)
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

ဝန်ကြီးဌာနတာဝန် ပူးတွဲထမ်းဆောင်စေခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး၏ တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၉/၂၀၀၆)
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဒုတိယဝန်ကြီးများအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်ချုပ်အောင်ကြည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
(၂) ဒေါက်တာပိုင်စိုး ကျန်းမာရေးဝန်ကြီးဌာန
(၃) ဗိုလ်ချုပ်ကြည်ဝင်း ကာကွယ်ရေးဝန်ကြီးဌာန
(၄) ဗိုလ်ချုပ်အေးမြင့် ကာကွယ်ရေးဝန်ကြီးဌာန

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၁၀/၂၀၀၆)
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊
အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင်များအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးချုပ်ဝင်းအောင်
(၂) ဗိုလ်မှူးချုပ်စိုးဦး
(၃) ဗိုလ်မှူးချုပ်ညီထွန်း
(၄) ဗိုလ်မှူးချုပ်ကျော်အောင်

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေး မိုးစပါးသာမက နွေစပါးပါ တိုးချဲ့စိုက်ပျိုး မိုးစပါးရော နွေစပါးပါ စိုက်ပျိုးနိုင်၍ ဝမ်းစာစပါး ဖူလုံရုံသာမက ပိုလျှံလာခဲ့ပြီဖြစ် လိုအပ်သောဒေသများတွင် ဆည်တမံနှင့် မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ပေးလျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်းအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်လေ့လာကြသော သံတမန်အဖွဲ့ နာယကနှင့် သံရုံးယာယီတာဝန်ခံ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မရေလှောင်တမံကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၁၂ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်းအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်လေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez၊ ဂျာမနီနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Dirk Augustin နှင့်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)မှ လက်ထောက်ဌာနေကိုယ်စားလှယ် Si Canka Dhanapala နှင့် UNICEF မှ စီမံကိန်းအရာရှိ Jean Benoit Manhez နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ *စာမျက်နှာ ၃ ကော်လံ ၄* ✡

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး